# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

**လောကဝဂ်(ဓမ္မပဒ-၁၇၀)**


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 9 October 2025 ၁၁၉၆၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများလာရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိသတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့တွင် “မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **စာမျက်နှာ ၃ ကော်လံ ၁ သို့**❖



၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကျင်းပစဉ်။

## ယနေ့ ဖတ်စရာ


**မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)က ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းများနှင့် ခြင်ထောင်များ လာရောက်လှူဒါန်း** စာမျက်နှာ » ၆

**မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်မည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး** ဆောင်းပါး စာမျက်နှာ » ၈

**ရန်ကုန်တိုင်းဒေသကြီး၌ (ဂိုဏ်းပေါင်းစုံ) သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲကျင်းပ** စာမျက်နှာ » ၉

ကြေးမုံ

# ရွေးကောက်ပွဲလုံခြုံစိတ်ချချောမွေ့မှုရှိရေး အားလုံးပူးပေါင်းလက်တွဲဆောင်ရွက်

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို စတင်ကျင်းပတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပမည့်ကာလ တရွေ့ရွေ့နီးကပ်လာပြီဖြစ်၍ မဲဆန္ဒရှင်အမည်စာရင်းများ အသိပေးကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ အတည်ပြုထုတ်ပြန်ခြင်းတို့ပြုလုပ်ပြီးနောက် မကြာမီကာလတွင် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်တော့မည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်တစ်ဆက်တည်း ကျင်းပပြုလုပ်ပေးမည်ဖြစ်သည်။ လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်များကို သတ်မှတ်ကြေညာပေးခဲ့ပြီး နိုင်ငံရေးပါတီများမှ အမည်စာရင်းတင်သွင်းလာသည့် ပါဝင်ယှဉ်ပြိုင်နိုင်မည့်ဒေသများကိုလည်း အသိပေးထုတ်ပြန်ထားသည်။ ပြည်ထောင်စု တစ်ဝန်းလုံး မဲဆွယ်စည်းရုံးမည့် နိုင်ငံရေးပါတီ ၆ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၉၆၁ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုအတွင်း မဲဆွယ်စည်းရုံးမည့် နိုင်ငံရေးပါတီ ၅၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၆၆ ဦး၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၆ ဦး စုစုပေါင်း ၅၀၂၃ ဦး အမည်စာရင်းတင်သွင်းထားသည်။

အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော်တို့ကို ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများက သတ်မှတ်ထားသောအချိန်အတွင်း စိစစ်ခြင်းလုပ်ငန်းများ ပြီးစီးအောင် ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲစာရင်းတွင်ပါရှိပြီး သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် ပတ်သက်၍ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ ရွေးကောက်ပွဲကာလတွင် လာရောက်ကြမည့် ပြည်တွင်း၊ ပြည်ပလေ့လာရေးအဖွဲ့များအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လုံခြုံစိတ်ချစွာမဲပေးနိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနအနေဖြင့် ရဲစခန်းအချုပ်၊ အချုပ်ထောင်၊ အကျဉ်းထောင်များ၌ ပြစ်မှုရင်ဆိုင်ဖြေရှင်းနေရသည့် အချုပ်သားများ အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်ရေး သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် ကြိုတင်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ရာ တွင် ပြည်တွင်း၊ ပြည်ပမှ မနာလိုမရှုဆိတ်ဖြစ်ကြသည့် ဖျက်လိုဖျက်ဆီးလုပ်ကြမည့် အဖျက်သမားများ၏ နှောင့်ယှက်မှုများကို တားဆီးကာကွယ်ပေးလျက်ရှိသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ များကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"အရ အရေးယူ ဆောင်ရွက်ခဲ့သည့်အမှု ၄၂ မှုနှင့် တရားခံ ၆၄ ဦးကို ဖော်ထုတ်အရေးယူခဲ့ပြီးဖြစ် သည်။ ဆက်လက်၍လည်း ရွေးကောက်ပွဲလုံခြုံရေးအား ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်သူများကို စုံစမ်းဖော်ထုတ်အရေးယူသွား မည်ဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာ ကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်း ကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လက်ရှိရရှိထားသော ရွေးကောက်ပွဲဆိုင်ရာ အောင်မြင်ဖြစ်ထွန်းမှု များကိုအခြေခံကာ ဆက်လက်၍ ပြည်သူလူထုနှင့် ပူးပေါင်းလက်တွဲပြီး အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ပေါ်ထွက်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲပြောင်း ပေးအပ်နိုင်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝ ရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး" စသည့်လုပ်ငန်းစဉ်များအားလုံး အဆင်ပြေ ချောမွေ့ပြီး လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ ပြည်သူတစ်ရပ်လုံး လက်တွဲပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါ ကြောင်း။ ။

## ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

အမိန့်အမှတ်၊ ၄၁ / ၂၀၂၅

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

**ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒေါ်မိုးမိုးအေး အား ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

အမိန့်အမှတ်၊ ၄၂ / ၂၀၂၅

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

**ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒေါက်တာအောင်ထွန်းလင်း အား ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ၈ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၇,၉၀၀ | ၆၀၈ | ၄,၈၅၁,၄၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၂,၀၂၉ | ၆,၈၄၈,၅၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁၃ | ၁၀၂,၇၀၀ |
| FPB | ၂,၆၀၀ | ၂,၆၀၀ | ၄၅ | ၁၁၇,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၇၅၀ | ၁၇၆ | ၄၈၄,၀၅၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၁,၇၅၅ | ၃,၃၃၄,၇၅၀ |
| AMATA | ၃,၂၅၀ | ၃,၃၅၀ | ၇၆၅ | ၂,၄၇၁,၀၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၇၉၅ | ၂,၇၀၃,၀၀၀ |
| MADPL(PLB) | ၂,၆၅၀ | ၂,၇၀၀ | ၅၂၀ | ၁,၃၇၈,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) ခေတ်ဟောင်း/ကာလပေါ် (အမျိုးသား) အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်စည်သူမင်းထက် ယှဉ်ပြိုင်မှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

❖ ရွှေဖုံးမှ

**"ဆင့်ရရင့် ငယ်လေး (ပတ်ပျိုး)" သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"ဇမ္ဗူရောင်ကွန့်(ဘွဲ့)" သီချင်းဖြင့်** လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**"ခေတ်ဟောင်း/ ကာလပေါ်" တေးသီချင်း အဆိုပြိုင်ပွဲကို** အမျိုးသား စာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"အတုအယောင်" သီချင်းဖြင့်** လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"ကောက်ရိတ်ချိန်" သီချင်းဖြင့်** လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မမေ့သောအညာ"**

**စာမျက်နှာ ၄ သို့ ❖**



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) မဟာဂီတ (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ မထက်အိန္ဒြေလင်း(ခ)စံနမူ ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး) အကပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) ခေတ်ဟောင်း/ကာလပေါ် (အမျိုးသား) အဆိုပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သိန်းထက်ဇော် ယှဉ်ပြိုင်စဉ်။

❖ စာမျက်နှာ ၃ မှ

**သီချင်းဖြင့်**လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် **အကပြိုင်ပွဲ**ကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့အတူ **ဒုံမင်းအတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြိုင်ကြီးဟေမာ (ယိုးဒယား)"** သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မဟာဇနက(ကာလပေါ်)"** သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြိုင်ဟေမာ (ယိုးဒယား)"** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြိုင်ကြီးဟေမာ (ယိုးဒယား)"** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"အနန္တငါးဖြာ(ကာလပေါ်)"** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"ဆန်းဆန်းသဇ္ဈာကြာညောင်(ယိုးဒယား)"** သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။




အဆင့်မြင့်ပညာအဆင့် (အမျိုးသား)အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး) အကပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်သာတိုးအောင် ယှဉ်ပြိုင်စဉ်။

အလားတူ **တယောအတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"နှစ်ကိုယ်သစ္စာ(ပတ်ပျိုး)" သီချင်းဖြင့်** လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"မြိုင်ကြီးဟေမာ (ယိုးဒယား)" သီချင်းဖြင့်**လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြိုင်ကြီးဟေမာ(ယိုးဒယား)" သီချင်းဖြင့်** လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ **ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ**ကို ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"ယမုံနာ (ပတ်ပျိုး)" သီချင်းဖြင့်** လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊

**စာမျက်နှာ ၅ သို့ ❖**



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) မဟာဂီတ (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မမာသ ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ကျင်းပနေမှု သွားရောက်လေ့လာ

**နေပြည်တော်  အောက်တိုဘာ ၈**

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် ယနေ့တွင် ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကျင်းပနေမှုကို သွားရောက်ကြည့်ရှုလေ့လာကြသည်။



ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ကြည်ညိုလေ့လာကြစဉ်။



ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ကျင်းပနေမှုကို သွားရောက်ကြည့်ရှုလေ့လာကြစဉ်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ပြိုင်ပွဲဝင်များ၏ ဒုံမင်းအတီးပြိုင်ပွဲ တီးခတ်ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ အမျိုးသားပြတိုက်၌ "မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ သီဆိုယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာ တူရိယာများ သရုပ်ပြတီးခတ်ပြသမှုကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် အကပြိုင်ပွဲနှင့် ဆိုင်းအတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့ကို သွားရောက်ကြည်ညိုလေ့လာကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ခဲ့ကြပြီး ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ဖျော်ဖြေပွဲ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ပူးပေါင်း၍ ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့၌ ဆက်လက်ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ခေါင်းဆောင် တေးဂီတ ပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်သည့် အဖွဲ့နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovsky တို့သည် ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် GTL ကုမ္ပဏီမှဒေါက်တာစိန်ထူးတို့ တက်ရောက်ကြသည်။

**ရင်းနှီးမှုတိုးမြှင့်ရရှိ**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်းနိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိပြီးဖြစ်၍ ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲများ ပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် ရင်းနှီးမှုကို တိုးမြှင့်ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ယခုလာရောက်ဖျော်ဖြေပေးသည့်အဖွဲ့၏ တင်ဆက်မှုကို MRTV သတင်းများတွင် ပြည့်စုံစွာ ထည့်သွင်းထုတ်လွှင့်ပြီး အကျယ်တဝင့် ဖော်ပြပေးလျက်ရှိပါကြောင်း၊ မြန်မာ - ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ပူးပေါင်း၍ ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့၌ ဆက်လက်ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovsky နှင့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ခေါင်းဆောင် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky တို့က မြန်မာနိုင်ငံသည် ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး နိုင်ငံသူ နိုင်ငံသားများက ယဉ်ကျေးပျူငှာဖော်ရွေမှုရှိကာ ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲများ ပြုလုပ်ခွင့်ရရှိသဖြင့် နှစ်နိုင်ငံပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ခွင့် ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် မန္တလေးနှင့် ပြင်ဦးလွင်တို့၌ ဖျော်ဖြေခဲ့ကြပြီး ဖြစ်ကြောင်းနှင့် ရန်ကုန်နှင့် နေပြည်တော်တို့တွင် မြန်မာ - ရုရှား - ဘယ်လာရုစ် သုံးနိုင်ငံ ဖျော်ဖြေပွဲ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲ ကျင်းပစဉ်။

❖ စာမျက်နှာ ၄ မှ

မန္တလေး တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မင်းလမ်းစပ်ကာ (ကြိုး) သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"စိမ်းလဲ့လဲ့ ညိုပြာ (ကြိုး)" သီချင်းဖြင့်** လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲ ဒုတိယနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ် တေးဂီတအဖွဲ့တို့က လာရောက်ကြည့်ရှု အားပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ကျင်းပရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ရိုးရာအကများကို မဲနှိုက်ရွေးချယ်၍ ယှဉ်ပြိုင်ရသည့် အစီအစဉ်ကို နှစ်စဉ်ထည့်သွင်း ကျင်းပလေ့ရှိပြီး ယခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ "ယန်းအက" ကို ပြိုင်ပွဲ တတိယနေ့တွင် ပြိုင်ပွဲဝင်များက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ယှဉ်ပြိုင်ကြရမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)က ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းများနှင့် ခြင်ထောင်များ လာရောက်လှူဒါန်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ Blue Sky Rescue Team က မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)မှတစ်ဆင့် ပေးပို့လှူဒါန်းသည့် အိမ်သုံးဆိုလာပစ္စည်း အစုံ ၁၀၀ ကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Blue Sky Rescue Team က မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) မှတစ်ဆင့် နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းများနှင့် ခြင်ထောင်များကို ယနေ့တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ လာရောက်ပေးအပ်လှူဒါန်းသည်။

နံနက်ပိုင်းတွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်း အစုံ ၁၀၀ နှင့် ခြင်ထောင်အလုံး ၄၀၀ တို့ကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့အတူ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်း အစုံ ၁၀၀ ကို အဆိုပါဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌသည် ကျန်းမာရေးဝန်ကြီးဌာနရှိ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ဆေးပေးခန်းများတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Blue Sky Rescue Team က မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)မှတစ်ဆင့် ပေးပို့လှူဒါန်းသည့် အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၂) မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မုံရွာ အောက်တိုဘာ ၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း (Dip.EP) အမှတ်စဉ်(၂) မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးဒီဂရီကောလိပ်ရှိ ပဋ္ဌာဗလဘက်စုံခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မုံရွာပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောက်ရွက်လျက်ရှိကြောင်း၊ ဆရာ ဆရာမတို့၏ လုပ်ငန်းတာဝန်သည် အလွန်ပင် အရေးကြီးသည့်အတွက် ခံယူချက်၊ ယုံကြည်ချက်ပြည့်ဝစွာဖြင့် သင်ကြားသင်ယူပြီး ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားကာ မုံရွာပညာရေးဒီဂရီကောလိပ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း (Dip.EP) အမှတ်စဉ် (၂) သင်တန်းသား သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၃၀၀၀၀၀ နှင့် မုံရွာပညာရေးဒီဂရီကောလိပ်ရှိ သင်တန်းသား သင်တန်းသူ ၂၁၂ ဦးအတွက် စားစရိတ် ငွေကျပ် ၉၈၅၈၀၀၀ တို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက ၂၀၂၄-၂၀၂၅ ပညာရေးဒီဂရီကောလိပ်အဆင့် လူရည်ချွန် မောင်ဇင်မျိုးအောင်ထံ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သုံးသိန်းနှင့် မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးထံ ငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ကြပြီး မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် Dip.EP အမှတ်စဉ်(၂)သင်တန်းသူများက တေးသီချင်းများ၊ Fitness Dance တို့ဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ကပြဖျော်ဖြေကြသည့် သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့ သမိုင်းဝင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နေမှု၊ အာရုံခံအသစ် တည်ဆောက်ပြီးစီးမှုနှင့် သမိုင်းဝင်ရန်အောင်မြင်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုနှင့် ပြန်လည်မွမ်းမံပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟားခါးမြို့၌ ရွေးကောက်ပွဲအသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာ စိုက်ထူ



**ဟားခါး အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှိုးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် တလန်ဟရောန်းလမ်းစုံ၌ ကျင်းပသည်။

အဆိုပါ မြေစိုက်ပိုစတာ စိုက်ထူပွဲတွင် ခေတ္တပြည်နယ် ဝန်ကြီးချုပ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်စီးပွားရေးရာ ဝန်ကြီး ဦးလျန်ဇခုပ်၊ ပြည်နယ် သယံဇာတရေးရာ ဝန်ကြီး ဦးကောလ်လျန်ထန်း၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေလင်းအောင်၊ ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိန်ထွန်းလှ၊ ခေတ္တပြည်နယ် အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မြေစိုက်ပိုစတာအား အမွှေးနံ့သာရည် ပက်ဖျန်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ခိုင်ကမ်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် သရုပ်ပြမဲပေး

**ခိုင်ကမ်း အောက်တိုဘာ ၈**

ချင်းပြည်နယ် တီးတိန်မြို့ ကော်မရှင်အဖွဲ့ခွဲက ဦးစီးကျင်းပသော မြန်မာ့အီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် သရုပ်ပြမဲပေးခြင်း အခမ်းအနားကို ခိုင်ကမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။



**ရှင်းလင်း ပြောကြား**

ဦးစွာ တီးတိန်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအင်လန့်မုန်နှင့် မြို့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထန်ဂင့်ဆုမ်းတို့က အမှာစကား ပြောကြားပြီး အထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာ့အီလက်ထရောနစ် မဲပေးစက်နှင့် ပတ်သက်သည်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များက မြန်မာ့အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြမဲပေးခဲ့ကြောင်း သိရသည်။

**ခိုင်ကမ်း(ပြန်/ဆက်)**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်မည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

အောင်ဘုန်း

ယဉ်ကျေးမှုဟူသည် လူသားတစ်ဦး သို့မဟုတ် မျိုးနွယ်စုတစ်စု စတင်မွေးဖွားသည်မှ သေဆုံးသည်အထိ ကြုံတွေ့ဖြတ်သန်းရသောအရာဖြစ်သည်။ ယနေ့ခေတ်တွင် နည်းပညာကျေးဇူးကြောင့် အမျိုးမျိုးသော ယဉ်ကျေးမှုများသည် လွတ်လပ်ပွင့်လင်းစွာ စီးဆင်းနေကြသည်။ အမျိုးမျိုးသောယဉ်ကျေးမှုများတွင် တိုးတက်ဆင့်ပွားအတုယူရမည့်အရာများရှိသလို ဆန့်ကျင်ဘက်ဖြစ်နေသည့် အရာများလည်းရှိသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များ အတုယူလမ်းမှားမလိုက်မိစေရန်အတွက် ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားအောင်ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။




မြန်မာနိုင်ငံသည် အမျိုးသားယဉ်ကျေးမှု အစဉ်အလာ ကြီးမားသည့်နိုင်ငံဖြစ်ကြောင်းကို ယနေ့ခေတ်အထိ ရှင်သန်နေဆဲဖြစ်သည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အနုသုခုမပညာရပ်များက သက်သေပြလျက်ရှိပါသည်။ မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများသည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မှုများဖြစ်သကဲ့သို့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့၏သီးသန့်ပိုင်ဆိုင်သော အမျိုးသားရေးသင်္ကေတ၊ အမျိုးသားရေးလက္ခဏာများပင်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အနုသုခုမပညာရပ်သည်လည်း ပါဝင်လျက်ရှိရာ ထိုအနုပညာရပ်များသည် မြန်မာ့သမိုင်းဖြစ်သော ပျူ၊ ဗိဿနိုး၊ သရေခေတ္တရာ၊ တကောင်း၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ အမရပူရနှင့် ရတနာပုံခေတ် စသော ရှည်လျားသည့် မြန်မာ့သမိုင်းခေတ်များကို အခြေခံကာ မြန်မာ့အမျိုးသားဟန်ကို ကိုယ်စားပြုသည့် ယဉ်ကျေးမှုစရိုက်လက္ခဏာများ ထွန်းကားခဲ့ပါသည်။

**အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်သည့် ပြိုင်ပွဲကြီး**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ဖော်ထုတ်ထိန်းသိမ်းဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ နိုးကြားတက်ကြွစေပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအဆက်ဆက်တို့သည် မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မတိမ်ကော မပျောက်ပျက်စေရန် ရည်ရွယ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစတင်ပြီး မြို့နယ်၊ ခရိုင်၊၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ ခမ်းနားသိုက်မြိုက်စွာ နှစ်စဉ် ရည်ရွယ်ချက်ကောင်းများစွာနှင့် ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုဆိုလျှင် (၂၆)ကြိမ်မြောက်သို့ ရောက်ခဲ့ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဦးတည်ချက်(၄)ရပ်ဖြင့် ၇-၁၀-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ၂၀၁၆ ခုနှစ်အထိ ၂၂ ကြိမ်တိုင် ကျင်းပခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း အကြောင်းပြချက်အမျိုးမျိုးဖြင့် ကျင်းပပေးနိုင်ခဲ့ခြင်းမရှိပေ။ မြန်မာ့ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာနှင့်ဆန့်ကျင်သည့် သရုပ်လွန်ဂီတများ၊ စကားလုံးကြမ်းကြမ်းတေးသီချင်းများ၊ ငြိမ့်ညောင်းညက်ညောမှု၏ ဆန့်ကျင်ဘက်ဖြစ်သည့် လှုပ်ရှားကပြမှုများသည် လူငယ်ထုအတွင်း အတိုင်းအတာတစ်ခုအထိ ထိုးဖောက်ဝင်ရောက်ခဲ့သည်။ ထို့ကြောင့် မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို မြတ်နိုးဖက်တွယ်ထားသူ ဝါသနာရှင်လူငယ်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ပြန်လည်ပေါ်ထွန်းလာရေးကို မျှော်လင့်ခဲ့ကြပါသည်။

၂၀၂၂ ခုနှစ် မေလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) တွင် နိုင်ငံတော်အကြီးအကဲက (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ခမ်းခမ်းနားနားနှင့် စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ရန် လမ်းညွှန်ခဲ့ပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်မှုအပြင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်ပြီး အဂတိတရားကင်းရှင်းသည့် အကဲဖြတ်ပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ်ရွက်ပုန်းသီး အနုပညာရှင်များကို ဖော်ထုတ်မြှင့်တင်နိုင်ရေးအတွက် အလေးအနက်ထား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှ ၃၁ ရက်နေ့အထိ နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ထို့အပြင် ငွေရတုအထိမ်းအမှတ် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကိုလည်း ၁၄-၁၀-၂၀၂၄ ရက်နေ့မှ ၂၀-၁၀-၂၀၂၄ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းများသည် နှစ်ပေါင်းထောင်ချီ ရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်လာခဲ့ကြကြောင်း၊ ထို့ပြင် ထုထည်ပမာဏ ကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှု အုတ်မြစ်ကြီးများကို စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မှုဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ကြကြောင်း။ ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရ ရှင်သန်ပွင့်လန်းနေစေရန်အတွက် တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်နေကြသည့် အမျိုးသားအဆင့် ပွဲတော်များစွာရှိကြောင်း၊ ထိုအထဲမှ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည်လည်း မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့်ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။ အမျိုးသားယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အမျိုးသားရေးကိုယ်ခံအား တည်ဆောက်ပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများသည် အရေးပါသည့်အခန်းကဏ္ဍမှ အထောက်အကူပြု စွမ်းဆောင်ပေးလျက်ရှိကြောင်း၊ ခေတ်အဆက်ဆက် ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့ရပြီးနောက် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်ချိုးနှိမ်မှုများကို ခံခဲ့ရကြောင်း၊ သို့သော် မြန်မာအနုပညာရှင်များအနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်းလာခဲ့ကြသည့်အတွက် ယနေ့အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည် မြန်မာ့ရိုးရာသွင်ပြင်ဟန်ပန်အတိုင်း ရှေးမူမပျက် ဆက်လက်ဖြစ်ထွန်းနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း" စသည်ဖြင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ပွဲကြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် နှစ်ပေါင်းများစွာ ခံ့ညားထည်ဝါစွာတည်ရှိခဲ့သည့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို မတိမ်ကော၊ မပပျောက်စေရန် ရည်ရွယ်၍

စာမျက်နှာ ၉ သို့ ❏

**❝ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းမြင့်မားမှုကို ညွှန်းဆိုပြသနေသဖြင့် မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုများ၊ အနုသုခုမများ၊ ဓလေ့ထုံးတမ်းများသည် မြန်မာ့အမျိုးသားဟန်ကို ကိုယ်စားပြုသည့် ယဉ်ကျေးမှုစရိုက်လက္ခဏာများဖြစ်သည်။ ထို့ကြောင့် ဘိုးဘေးဘီဘင်တို့၏ အမွေအနှစ်အဖြစ် ချန်ထားရစ်ခဲ့သည့် အနုသုခုမပညာရပ်များကို မျက်မှောက်ကာလမှသည် ခေတ်အဆက်ဆက် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံး၏ တာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။ မိမိတို့၏ ယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းထားခြင်းသည် နိုင်ငံသားတို့၏ မျိုးချစ်စိတ်ရင့်သန်ခိုင်မာမှု၊ ဝံသာနုရက္ခိတတရားပြည့်ဝမှုနှင့် စည်းလုံးညီညွတ်မှုတို့ကိုပေါ်လွင်❞**

## ၂၀၁၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး၊
၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊
၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊
၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ရန်ကုန်တိုင်းဒေသကြီး၌ (ဂိုဏ်းပေါင်းစုံ) သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲ ကျင်းပ



ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် (ဂိုဏ်းပေါင်းစုံ) သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

ဖွင့်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယက ဆရာတော်ကြီးများ၊ မြို့နယ်များမှ သံဃနာယကဆရာတော်များနှင့် သင်တန်းသား ဆရာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်း၊ သင်တန်းဆိုင်ရာ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တိပိဋကာလင်္ကာရ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တအဂ္ဂသာမိက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး နိဂုံးချုပ် ဩဝါဒကထာမိန့်ကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ဆရာတော်အပါး ၃၃၀ တက်ရောက်တော်မူကြပြီး သင်တန်းကာလကို အောက်တိုဘာ ၁၂ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ကာ သင်တန်းဆင်းအောင်ပွဲ အဖြစ် အောက်တိုဘာ ၁၂ ရက် ညနေ ၃ နာရီခွဲတွင် ဆရာတော်ကြီးများနှင့် သင်တန်းသား ဆရာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူသွားမည် ဖြစ်သည့် အတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်းအတွင်းရှိ ပဒေသာ ဘိလိယက်နှင့် စနူကာ ခန်းမ၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသင်းလိုက်တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အမွေပွဲတော်

(၈၀ ပေါ်တေးထပ်)

"နိုင်ငံတကာ၊ ဘယ်မှာမရှိ၊ ကမ္ဘာသိပွဲတော်"
ညီနောင်အမိတို့ နွဲ့ပျော်မည်၊ "အဆိုအကနော်၊ အရေးအတီး"
ခရီးဆက်လက်ရွေ့ချီမည်
နှစ်ဆယ့်ခြောက်အမီ၊ ဇွဲမာန်ကကြီး။ ။
ရွှေနန်းထွက် ဆိုတီးရာမှာ၊ "အက"ဟာ ပါပြီး
အရေးမှာရှေးမူ မှီးသမို့၊ တင်ခဲ့ပြီးကမ္ဘည်းသာ။
အနုပညာစိတ်ရှင်လန်းလို့၊ ပန်းတမျှ လှပစေရာ။ ။
(အမွေအနှစ်မို့ ချစ်ကြစေရာ၊ အမွေပေးသမို့ ပိုက်ထွေးကြပါ)
ပြည်ထောင်စုတစ်ခွင်မှာ ရှင်သန်လန်းဖို့
လက်ဆင့်ကမ်းပေးအပ်စေရာ၊ "ဆိုကရေတီး"မှာ၊
- ပြည့်ရှင်သွေးတို့ ယဉ်ကျေးစေမှာ
သဘင်တေးမဟာ ကဗျာလွတ်နှင့်လေ၊
- မြန်မာ့ရွှေစောင်း၊ လက်ပြောင်းယူပါ
အမွေစစ်ပီစွာ ရှင်သန်ကြောင်းပလေ၊
- ပတ်လုံးတွေဝိုင်း၊ ရွှေဆိုင်းဂုဏ်မှာ
ရွှေလက်ကုန်သာ၊ ခိုင်ပန်းစုံကမ္ဘွေး။

**အမျိုးသားစာပေဆုရရွှေကူနန်းနွဲ့နွဲ့**

## ကျိုင်းတုံမြို့နယ် ကတ်ထိုက်-လွယ်ပန်တောင်း-အင်ဂိုလုံ ကျေးရွာမြေလမ်း ဆောင်ရွက်လျက်ရှိ

ကျိုင်းတုံ အောက်တိုဘာ ၈

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်ထိုက်-လွယ်ပန်တောင်း- အင်ဂိုလုံ မြေလမ်း ၃၃/၅ မိုင်ပေါ်တွင် ၀/၄ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ တာဝန်ရှိသူများက ယနေ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ မြေသားလမ်း ၃၃/၅ မိုင်၊ မြေလမ်းတာချဲ့ ၃၂/၀ မိုင်၊ ကျောက်လမ်း ၁၄/၀ မိုင်၊ ကွန်ကရစ်လမ်း ၁/၀ မိုင် ၎င်းလမ်းပေါ်တွင် ၂၅ ပေ ကွန်ကရစ်တံတား နှစ်စင်း၊ ၁၅ ပေ ကွန်ကရစ်တံတား တစ်စင်း၊ ကွန်ကရစ်ရေကျော် ၃၅ ပေ တစ်စင်းနှင့် ငါးပေ Box Culvert ၅၁ စင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဘဏ္ဍာငွေ ရရှိမှုအပေါ်မူတည်၍ နှစ်စဉ်လျာထား အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

❑ စာမျက်နှာ ၈ မှ

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ပေးခြင်းဖြစ်သည်။ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကြောင့် မျိုးဆက်သစ်လူငယ်များထံသို့ ယဉ်ကျေးမှုအမျိုးသားရေးစရိုက်လက္ခဏာများကို တန်ဖိုးထားလိုစိတ်၊ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များအား လက်ဆင့်ကမ်းပေးစွမ်းနိုင်ခဲ့ပါသည်။

ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းမြင့်မားမှုကို ညွှန်းဆိုပြသနေသဖြင့် မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုများ၊ အနုသုခုမများ၊ ဓလေ့ထုံးတမ်းများသည် မြန်မာ့အမျိုးသားဟန်ကို ကိုယ်စားပြုသည့် ယဉ်ကျေးမှုစရိုက်လက္ခဏာများဖြစ်သည်။ ထို့ကြောင့် ဘိုးဘေးဘီဘင်တို့၏ အမွေအနှစ်အဖြစ် ချန်ထားရစ်ခဲ့သည့် အနုသုခုမပညာရပ်များကို မျက်မှောက်ကာလမှသည် ခေတ်အဆက်ဆက် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံး၏ တာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။ မိမိတို့၏ယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းထားခြင်းသည် နိုင်ငံသားတို့၏ မျိုးချစ်စိတ်ရင့်သန်ခိုင်မာမှု၊ ဝံသာနုရက္ခိတတရားပြည့်ဝမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါ်လွင်စေပါသည်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် အမျိုးသားယဉ်ကျေးမှု၊ ရိုးရာယဉ်ကျေးမှုရှိကြသည်။ အမျိုးသားယဉ်ကျေးမှု၊ ရိုးရာယဉ်ကျေးမှုဟူသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုထဲတွင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ဥစ္စာခနေကြွယ်ဝမှု၊ သယံဇာတပေါများမှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာထူးချွန်မြင့်မားမှုများအပြင် ၎င်းနိုင်ငံ၏ ရှည်လျားသည့် သမိုင်းကြောင်းနှင့် ယှဉ်တွဲဖြစ်ထွန်းလာသည့် ရိုးရာယဉ်ကျေးမှု အနုသုခုမများ၊ ဓလေ့ထုံးတမ်းများလည်း ပါဝင်သည်။ ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ကွယ်သွားပါက လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ အနှစ်သာရလည်း ပျောက်ဆုံးသွားမည်ပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် နည်းပညာနှင့် ယဉ်ကျေးမှုများ အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသော်လည်း ရိုးရာအစဉ်အလာ ယဉ်ကျေးမှု ဓလေ့စရိုက်များကို တည်တံ့ခိုင်မြဲစေရန် လူမျိုးတိုင်း၊ နိုင်ငံတိုင်းက တန်ဖိုးထားထိန်းသိမ်းလျက်ရှိကြသည်။ ထိုယဉ်ကျေးမှုများ တည်တံ့ခိုင်မြဲရန်မှာလည်း နိုင်ငံသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းမြှင့်တင်လိုစိတ်ပေါ်တွင် မူတည်ပါသည်။ အမျိုးသားယဉ်ကျေးမှုမြင့်မားလေ နိုင်ငံနှင့် လူမျိုး၏ အဆင့်အတန်းမှာလည်း မြင့်တက်လေဖြစ်ပါကြောင်း (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအားဂုဏ်ပြု၍ ရေးသားလိုက်ရပါသည်။ ။

**ကိုးကား –** နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများ
– ၂၀၁၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မှတ်တမ်းစာအုပ်

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည့် ဂျူဒိုနှင့်ပီတန်းအားကစားအဖွဲ့များ လေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ဂျူဒိုနှင့် ပီတန်းအားကစားနည်းမှ ပဏာမလက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမတွင် ဂျပန်နည်းပြက ပဏာမလက်ရွေးစင် အားကစားသမားများနှင့် လူငယ်အားကစားသမားများအား နည်းစနစ်ပိုင်းဆိုင်ရာများကို Sparring ကစားခြင်းဖြင့် တစ်ဦးချင်း သင်ကြားလေ့ကျင့်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအတွက် ပြိုင်ပွဲဝင်ဝတ်စုံ ဂျူဒိုကီနှင့် ခါးစည်း ခါးပတ်ဝယ်ယူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပြိုင်ပွဲဝင်ဝတ်စုံနှင့် အသားကျနေစေရန်အတွက် တာဝန်ရှိသူများအား လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပီတန်းလေ့ကျင့်ရေးကွင်း၌ ပီတန်းအားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများကို တွေ့ဆုံ၍ မိမိတို့လက်ရှိ ရရှိထားသည့်ရမှတ်များ၊ အားနည်းချက်/အားသာချက်များကို ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သည့် ရမှတ်များရရှိအောင် ဖွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်၍ ပီတန်းအားကစားနည်းဖြင့် အောင်မြင်မှုရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန်နှင့် လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မျှော်မှန်းထားသည့် ဆုတံဆိပ်များရရှိအောင် ဆက်လက်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် စားရိပ်သာ၌ အားကစားသမားများ၏ နေ့လယ်စာ စားသောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး Sports Nutrition နှင့်အညီ အားကစားသမားများအတွက် တစ်နေ့တာ လိုအပ်သည့် ကယ်လိုရီပမာဏအတိုင်း တွက်ချက်၍ အလေအလွင့်မဖြစ်စေရန်နှင့် အာဟာရပြည့်ဝစေရန်အတွက် သန့်ရှင်းလတ်ဆတ်သည့် အသား၊ ငါးများကို ချက်ပြုတ်ကျွေးမွေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံမြို့၌ (၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသောမြို့ကြီးများဆု လွှဲပြောင်းပေးအပ်ပွဲနှင့် ရွေးကောက်ပွဲနှီးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပ

ဘားအံ အောက်တိုဘာ ၈

အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရေရှည်တည်တံ့သောမြို့ကြီးများ လုပ်ငန်းအဖွဲ့က (ASEAN Working Group on Environmentally Sustainable Cities- AWGESC) သုံးနှစ်လျှင်တစ်ကြိမ် စိစစ်ရွေးချယ်လျက်ရှိသည့် ၂၀၂၅ ခုနှစ်အတွက် (၆) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသောမြို့ကြီးများဆု လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မြို့တော်ပတ်ဝန်းကျင်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းသောရေ၊ သန့်ရှင်းသောလေ၊ သန့်ရှင်းသောမြေဖြစ်စေရေး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် အစဉ်အမြဲစိမ်းလန်းစိုပြည်စေရေးအတွက် အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျန်းမာ၍ ဘေးအန္တရာယ် ကင်းရှင်းသော ပတ်ဝန်းကျင်ကို ဖန်တီးတည်ဆောက်ပေးနိုင်ပြီး ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်လာနိုင်ခြင်းစသည့် အကျိုးရလဒ်များအပြင် သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်ကောင်းတစ်ခု ရရှိလာနိုင်စေမည် ဖြစ်ကြောင်းနှင့် ခရီးစဉ်ဒေသများတွင်ရှိသည့် သဘာဝ ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ပြည်နယ်ဝန်ကြီးချုပ်ထံ (၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော မြို့ကြီးများဆုကို အပ်နှင်းပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက (၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော မြို့ကြီးများဆုတံဆိပ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဆုရဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည့် အခြေခံပညာ ကျောင်းသားကျောင်းသူများအတွက် ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းအတွက် ငွေကျပ် ၈၆၂၅၀၀၀ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ အခြေခံပညာ အထက်တန်းအဆင့်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့အဝင် ဖားစည်အဝိုင်း၌ ကျင်းပသည့် ရွေးကောက်ပွဲနှီးဆော်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့ ဆောင်ပုဒ်ပါမြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ မြေစိုက်ပိုစတာစိုက်ထူပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကဝမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး



ကဝ အောက်တိုဘာ ၈

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ပြည်တွင်းအခွန်များဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများကို အခွန်ထမ်းပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲတွင် ကဝမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ခင်မာရီက ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံဆောင်ရွက်နေသော အခွန်များအကြောင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

# ပခုက္ကူမြို့၌ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးဆောင်ရွက်

ပခုက္ကူ အောက်တိုဘာ ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များ မီးဘေးလုံခြုံရေးအတွက် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ် တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ပေါ် ရပ်ကွက်များရှိ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များထံ ကွင်းဆင်း၍ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရေး၊ ရေကန်နှင့်ရေစင်များကို ရေအပြည့် ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေးဟောပြောပြီး လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြခဲ့ကြကြောင်း သိရသည်။

**၃၄၀**



# ထားဝယ်မြို့၌ ရွေးကောက်ပွဲ နှီးဆော်အသိပညာပေးခြင်းဆိုင်ရာ မြေစိုက်ပိုစတာများ စိုက်ထူ

**ထားဝယ် အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန် ပြည်သူလူထုအတွက် ရွေးကောက်ပွဲ နှီးဆော်အသိပညာပေး မြေစိုက်ပိုစတာများစိုက်ထူ ဖွင့်လှစ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အာဇာနည်လမ်း မြင်းစီးကြေးရုပ်အနီး၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်အရာရှိများ၊ လူမှုရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတို့က ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် “နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့” အသိပညာပေး မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပန်းဖွားအဖွဲ့နှင့် ဘင်ခရာအဖွဲ့အား ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန် ပြည်သူလူထုအတွက် ရွေးကောက်ပွဲ နှီးဆော်အသိပညာပေးခြင်းဆိုင်ရာ မြေစိုက်ပိုစတာများကို ခရီးသွားလာသူများ၊ ဒေသခံပြည်သူများနှင့် အများပြည်သူ မြင်သာသည့်နေရာများ ဖြစ်သည့် အာဇာနည်လမ်း မြင်းစီးကြေးရုပ်အနီး၊ အဝေးပြေးကားလမ်း အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်းအနီး၊ ကမြောကင်းလမ်း ဆန်းချီလမ်းဆုံ၊ အာဇာနည်လမ်းနှင့် ဦးကျော်ရင်လမ်းထောင့်၊ စည်ပင်သာယာဈေးကြီးအနီးတို့တွင် စိုက်ထူခဲ့သည့်အပြင် သက်ဆိုင်ရာခရိုင်၊ မြို့နယ်များရှိ အများပြည်သူ မြင်သာသည့်နေရာများတွင်လည်း ရွေးကောက်ပွဲ နှီးဆော်အသိပညာပေးခြင်းဆိုင်ရာ မြေစိုက်ပိုစတာများ စိုက်ထူပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဟိုင်းကြီးကျွန်းမြို့၌ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ မြေစိုက်ပိုစတာ စိုက်ထူ



**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့အဝင်တံတားလမ်းဆုံ၌ ကျင်းပသည်။

အဆိုပါ မြေစိုက်ပိုစတာအား ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် လူစည်ကားရာနေရာတွင် စိုက်ထူထားခြင်းဖြစ်ပြီး ဟိုင်းကြီးကျွန်းမြို့အပါအဝင် ငပုတောမြို့နယ်၌ ပထမအကြိမ်မဲစာရင်းအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၈၂၀၄၅ ဦးနှင့် မဲရုံပေါင်း ၂၄၅ ရုံရှိကြောင်း သိရသည်။

**လှိုင်မျိုးအောင်**



## အောင်လံမြို့နယ်၌ ရွေးကောက်ပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပ

**အောင်လံ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို ယမန်နေ့က စမ်းချောင်းရပ်ကွက် ပြည်လမ်းမကြီးဘေး အထက(၁) ကျောင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်၍ အဆိုပါမြေစိုက်ပိုစတာအား အမွှေးနံ့သာရည်များ ပက်ဖျန်းကာဖွင့်လှစ် ပေးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံပွဲပြုလုပ်

**မိုင်းဖြတ် အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးက မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်အခြေအနေများ၊ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာများ၊ မဲဆန္ဒရှင်စာရင်းကို ပထမအကြိမ်ကြေညာထားသည့် အခြေအနေများ၊ မဲဆန္ဒနယ်မြေ သတ်မှတ်ချက်များ၊ မဲပေးစက်များကိုမြို့နယ်အလိုက် စနစ်တကျအသုံးပြုသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးမောင်က တွေ့ဆုံပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ကိုပြောကြားသည်။



ယင်းနောက် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မင်းဝင်းနှင့် အတွင်းရေးမှူး ဦးဇော်မြင့်ဝင်း၊ မိုင်းဖြတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဦးအောင်မြတ်မိုး၊ မိုင်းယောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဦးတင်မိုးဝင်းတို့က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးမောင်က နိဂုံးချုပ်စကားများပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြဝတီမြို့၌ ရွေးကောက်ပွဲအသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူ

**မြဝတီ အောက်တိုဘာ ၈**

၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် လူစည်ကားရာ နေရာများဖြစ်သည့် မြန်မာ - ထိုင်း အမှတ်(၁) ချစ်ကြည်ရေး တံတားထိပ်နှင့် တောင်ကလေး ဘုန်းတော်ကြီး ကျောင်း အရှေ့ဘက်တို့၌ ရွေးကောက်ပွဲ နှီးဆော်အသိပညာ ပေးမြေစိုက်ပိုစတာများ စိုက်ထူကြသည်။



အဆိုပါ အသိပညာပေးပိုစတာများ စိုက်ထူခြင်းကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်နှင့် ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်တို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

ထို့ပြင် ခရိုင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အဖွဲ့များခွဲ၍ မြဝတီမြို့ပေါ်ရှိ ရပ်ကွက်များတွင်အသိပညာပေးဟောပြောပွဲများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြုပုံ အဆင့်ဆင့်၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းနှင့် မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် သိသင့်သိထိုက်သော အချက်အလက်များအား ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းနှင်းမြို့ (ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူ

**ထန်းတပင် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေကောက်ပွဲဆိုင်ရာ အသိပညာပေး “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့” မြေစိုက်ပိုစတာကို လူစည်ကားရာ နေရာများတွင် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက စိုက်ထူခဲ့သည်။

အဆိုပါ အသိပညာပေးပိုစတာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် U-25 အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား အောင်နိုင်ရေးအလံပေးအပ်




**ပုသိမ် အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-25 အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) တွင် ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အသင်းအုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ တက်ရောက်ကြသည်။

**ပေးအပ်ခဲ့**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီ တိုင်းဒေသကြီး U-25 အမျိုးသမီး ဘောလုံးအသင်းမှ အုပ်ချုပ်၊ နည်းပြ၊ အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်ကြပြီး အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-25 အမျိုးသမီး ဘောလုံးပြိုင်ပွဲသည် ယခုနှစ် အားကစားရာသီ၏ နောက်ဆုံး အားကစားပြိုင်ပွဲ ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ယခု အချိန်အထိ ပြိုင်ပွဲအသီးသီးမှ ရရှိခဲ့သော ဆုတံဆိပ်များအရ မိမိတို့ တိုင်းဒေသကြီးသည် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး ဆက်လက်ထိန်းထားနိုင်ရေး ကြိုးစား ယှဉ်ပြိုင်ကြရန်လိုကြောင်း၊ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-25 အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာ အားသာချက်များလည်း ရှိနေပါကြောင်း၊ အားကစားသမားများ အနေဖြင့်လည်း အချိတ်အဆက် မိမိ အမှားအယွင်းနည်းပါးစွာ ကစားနိုင်ပါက အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်းနှင့် တစ်ဖက်အသင်း၏ အားသာချက်၊ အားနည်းချက်များကို ကြည့်၍ အုပ်ချုပ်၊ နည်းပြများ၏ မှာကြားချက်များကိုလည်း အလေးထား ဆောင်ရွက်သွားရန် လိုကြောင်း၊ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-25 အမျိုးသမီး ဘောလုံးပြိုင်ပွဲသည် နောက်ဆုံး အားကစားပြိုင်ပွဲဖြစ်ရာ အောင်နိုင်ရေးအတွက် ကြိုးစားလေ့ကျင့်နေကြသည်ကိုလည်း အသိအမှတ်ပြုကြောင်း၊ တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်ရန်အတွက်လည်း အားကစားသမားများက အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် ကြိုးစား ယှဉ်ပြိုင်သွားကြစေလိုကြောင်း အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး U-25 အမျိုးသမီးဘောလုံးအသင်းအား အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၆ ခုနှစ် ရုံးသုံးပြက္ခဒိန် ထွက်ပြီ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၂၆ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်ပါသည်။ ၂၀၂၆ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို စက္ကူဖြူချောဖြင့် တစ်စောင်လျှင် ကျပ် ၁၂၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် (ဖုန်း-၀၉-၄၄၉၅၄၀၆၆၇)၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ (ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈)၊ စာပေဗိမာန် စာအုပ်ဆိုင် အမှတ်-၁၅၉၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ (ဖုန်း-၀၂-၄၀၃၀၁၈၆) နှင့် မြို့နယ်အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့်အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

## လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင် သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင် သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကြီးတက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းတွင် ကျောင်းအပ်နှံထားသော လှိုင်ကော်တက္ကသိုလ်(အဝေးသင် သင်တန်း)မှ ကျောင်းသား၊ ကျောင်းသူများသည် ၂၀၂၅ ပညာသင်နှစ်၊ ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲများကို လှိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ဖြေဆိုကြရမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**



# ရုရှားနိုင်ငံ Kronstadt ခရိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် အခြေခံပညာ ကျောင်းသား ကျောင်းသူများ ပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ခရမ်း အောက်တိုဘာ ၈**

ရုရှားနိုင်ငံ Kronstadt ခရိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် အခြေခံပညာ ကျောင်းသား ကျောင်းသူများ ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့ အထက(၂) မြို့မ မြို့မဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

ပန်းချီပြိုင်ပွဲတွင် ခရမ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ၂၁ ဦး၊ အလယ်တန်းအဆင့် ၁၆ ဦး၊ အထက်တန်းအဆင့် ၁၀ ဦး စုစုပေါင်း ၄၇ ဦးတို့က မိမိတို့ကြိုက်နှစ်သက်ရာ ပန်းချီပုံများဖြင့် ရေးဆွဲယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများထဲမှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဆုရရှိသူကျောင်းသား ကျောင်းသူ ၁၅ ဦးသည် ရုရှားနိုင်ငံ Kronstadt ခရိုင်နှင့် သန်လျင်ခရိုင် နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ် ခရိုင်အဆင့်ပန်းချီပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# (၄၈)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို "မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် မဟာဗျူဟာ"ခေါင်းစဉ်ဖြင့် ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၈**

(၄၈)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ကျင်းပရာ သက်ဆိုင်ရာ ပညာရှင်များက "မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် မဟာဗျူဟာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ အာဟာရပြည့်ဝရေး စီမံဆောင်ရွက်ရာတွင် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံကဏ္ဍစုံမှအားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သားငါးမွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့်ဌာနများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှ သုတေသီများ၊ ပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံ၏ ရေသယံဇာတ၊ မြေသယံဇာတ သဘာဝအရင်းအမြစ်များကို အသုံးပြု၍ အားလုံးအတွက် အကျိုးဖြစ်ထွန်းပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် (၄၈)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်း ဆွေးနွေးပွဲတွင် ဦးစီးဌာနများ၊ တက္ကသိုလ်များအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ စိုက်ပျိုးမွေးမြူရေး ကွင်းဆက်တစ်လျှောက် ကြုံတွေ့နေရသည့် အခက်အခဲများကို ဆိုင်ရာကဏ္ဍများက ဝိုင်းဝန်းဆွေးနွေးအဖြေရှာပြီး အခွင့်အလမ်းများ ဖော်ထုတ်အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေး သုတေသနဦးစီးဌာနတို့မှ ပညာရှင်များနှင့် သုတေသီများက "မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် မဟာဗျူဟာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ အခမ်းအနားသို့ တက်ရောက်လာကြသော ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အမှုထမ်းအရာထမ်းများ၊ အွန်လိုင်းမှ ပါဝင်တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခြင်း၊ သုံးသပ်အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ဓာတုဗေဒနိုဘယ်ဆုကို ပညာရှင်သုံးဦးအား ပူးတွဲချီးမြှင့်

**စတော့ဟုမ်း အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် ဓာတုဗေဒနိုဘယ်ဆုကို သိပ္ပံပညာရှင်သုံးဦးအား ပူးတွဲချီးမြှင့်ခဲ့ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက ယနေ့ ကြေညာသည်။

ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ပါမောက္ခ ကီတာဂါဝါ၊ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်မှ ပါမောက္ခ ရောဘ်ဆင်နှင့် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပါမောက္ခ ယာ့ဂီတို့က ၂၀၂၅ ခုနှစ် ဓာတုဗေဒနိုဘယ်ဆုကို ပူးတွဲရရှိခဲ့သည်။

၎င်းတို့သုံးဦးက သတ္တု-အော်ဂဲနစ်များ ဖွံ့ဖြိုးစေရန် စွမ်းဆောင်ခဲ့ခြင်းကြောင့် ယခုနှစ်၏ ဓာတုဗေဒနိုဘယ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ သတ္တု-အော်ဂဲနစ်ဆိုသည်မှာ သံသတ္တုနှင့် ဓာတုဓာတ်ပေါင်းစပ်ထားသည့် ပစ္စည်းများဖြစ်ပြီး အတွင်း၌ သေးငယ်သော အပေါက်များရှိသည့်အတွက် ဓာတ်ငွေ့များကို သိုလှောင်နိုင်ကြောင်း သိရသည်။

၎င်းတို့၏ တွေ့ရှိမှုကြောင့် သဲကန္တာရအတွင်းရှိ လေထဲမှရေကို စုဆောင်းနိုင်ခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်ပွားစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကို သိမ်းဆည်းနိုင်ခြင်းအပြင် အဆိပ်သင့်ဓာတ်ငွေ့များကို သိုလှောင်ရန် သို့မဟုတ် ဓာတုဗေဒတုံ့ပြန်မှုများကို ဓာတ်ကူပေးရန်အတွက် အသုံးပြုနိုင်သည်။




သတ္တု-အော်ဂဲနစ်များဖွံ့ဖြိုးမှုကြောင့် အနာဂတ်ဓာတုဗေဒနယ်ပယ်အတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ဓာတုဗေဒနိုဘယ်ကော်မတီဥက္ကဋ္ဌ ဟီနာလင်ကီက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



# နီပေါ အိမ်စောင့်အစိုးရက အကျင့်ပျက်ခြစားမှုကို အလေးပေး ကိုင်တွယ်ဖြေရှင်းမည်

**ခတ္တမန္ဒူ အောက်တိုဘာ ၈**

နီပေါ အိမ်စောင့်အစိုးရက ပြည်သူများတောင်းဆိုသည့်အတိုင်း အကျင့်ပျက်ခြစားမှုကို အလေးပေး ကိုင်တွယ်ဖြေရှင်းမည် ဖြစ်ကြောင်း ယာယီဝန်ကြီးချုပ်၏ လက်ထောက်တစ်ဦးက ယနေ့ပြောကြားသည်။

ယာယီဝန်ကြီးချုပ်၏ လက်ထောက်ဖြစ်သူ အာဂျယာ ခန်နယ်လ်က အင်တာဗျူးတစ်ခုတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဂျယာ ခန်နယ်လ်သည် ဝန်ကြီးချုပ် ရှာမာအိုလီ နုတ်ထွက်ပြီးနောက် ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသော ဆူရှီလာကာကီ၏ အကြံပေးအရာရှိတစ်ဦးဖြစ်သည်။

ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရုန်းရင်းဆန်ခတ် ဖြစ်ပွား၍ ၇၆ ဦး သေဆုံးပြီးနောက် ဝန်ကြီးချုပ် အိုလီ ရာထူးမှ နုတ်ထွက်ခဲ့သည်။

ယာယီအစိုးရအနေဖြင့် အဂတိလိုက်စားမှု ပပျောက်ရေးနှင့် နိုင်ငံ၏ စီးပွားရေးကွာဟမှုများကို ဖြေရှင်းပေးရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။

လာမည့် မတ်လတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို ယာယီအစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ယာယီဝန်ကြီးချုပ် ဆူရှီလာကာကီက ပြောကြားသည်။

အစိုးရ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပြီးနောက် အဂတိလိုက်စားသည်ဟု သံသယရှိသည့် နိုင်ငံရေးသမားများကို လာမည့်လတွင် စတင်စစ်ဆေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သို့သော် အစိုးရအနေဖြင့် ယင်းသို့ ဆောင်ရွက်မှုများကို အလေးပေးလုပ်ဆောင်ရန် လုံလောက်သည့်အချိန် လိုအပ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ထို့ပြင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံအုတ်မြစ်တစ်ခုချမှတ်ရန် အစိုးရက လူငယ်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ယာယီဝန်ကြီးချုပ် ဆူရှီလာကာကီက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ထိုင်းဝန်ကြီးချုပ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ ငွေကြေးထောက်ပံ့ရေး အစီအစဉ်တစ်ရပ် မကြာမီထုတ်ပြန်မည်

**ဗန်ကောက် အောက်တိုဘာ ၈**

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်သစ် အနုတင် ချန်ဗီရာကူးလ်က ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံတန်ဖိုးရှိငွေကြေးထောက်ပံ့ပေးမည့် အစီအစဉ်တစ်ရပ်ကို မကြာမီထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

အနုတင်၏ အစိုးရအဖွဲ့က လာမည့် မတ်လသို့မဟုတ် ဧပြီလအတွင်း ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ ပြည်သူများ၏ ထောက်ခံမှုရရှိရန် ရည်ရွယ်ခြင်း ဖြစ်ဖွယ်ရှိသည်။

အဆိုပါအစီအစဉ်တွင် နိုင်ငံသားများအား ဘတ်ငွေ ၂၄၀၀ သို့မဟုတ် အမေရိကန် ဒေါ်လာ ၇၄ ဒေါ်လာနီးပါးအထိ ပေးဝေသွားမည်ဖြစ်သည်။

အသက် ၁၆ နှစ်နှင့်အထက် ပြည်သူများသည် ထောက်ပံ့ကြေး ငွေများကို ဈေးဝယ်ခြင်း၊ စားသောက်ဆိုင်များ အပါအဝင် အခြားသော ဝန်ဆောင်မှုများတွင် အောက်တိုဘာ ၂၉ ရက်မှ နှစ်ကုန်အထိ မိမိစိတ်ကြိုက် ရွေးချယ် အသုံးပြုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်၏ သက်ရောက်မှုအဖြစ် နိုင်ငံ၏ကုန်ထုတ်လုပ်မှုတန်ဖိုး သုည ဒသမ ၄ ရာခိုင်နှုန်းအထိ မြှင့်တင်နိုင်မည်ဟု မျှော်လင့်ထားသည်။

ဝန်ကြီးချုပ်သစ် အနုတင်က အထွေထွေရွေးကောက်ပွဲ မတိုင်မီ ၎င်း၏အုပ်ချုပ်မှုအတွက် ထောက်ခံမှု ရရှိစေရန် အဆိုပါ စီးပွားရေးအစီအမံများကို ရေးဆွဲခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြိုတင်သတိပေးစနစ် အဆင့်မြှင့်တင်ဆောင်ရွက်

**အစ္စလာမာဘတ် အောက်တိုဘာ ၈**

ပါကစ္စတန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် ရေကြီးရေလျှံမှု ကြိုတင်သတိပေးစနစ်ကို အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံပိုင် သတင်းအေဂျင်စီက အောက်တိုဘာ ၇ ရက်တွင် ပြောကြားသည်။

ယင်းစနစ်ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် အရေးကြီးသည့် မိုးလေဝသဆိုင်ရာ အချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပြီး ပါကစ္စတန်မိုးလေဝသဌာနက တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ ကန်ဒေါ်လာ ၁၀ သန်းကုန်ကျမည့် ယင်းအစီအစဉ် ဆောင်ရွက်ရေးအတွက် ကမ္ဘာ့ဘဏ်က အကူအညီပေးခဲ့ခြင်း ဖြစ်သည်။

နိုင်ငံအတွင်း သဘာဝဘေးကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ၂ ဒသမ ၉၉ ဘီလီယံကို အစိုးရက သတ်မှတ်ခဲ့သည်။

သဘာဝဘေးကာကွယ်ရေး စီမံချက်အရ မိုးလေဝသစခန်းများတည်ထောင်ခြင်း၊ မိုးလေဝသခန့်မှန်းရေး ရေဒါများတပ်ဆင်ခြင်း၊ ကွန်ပျူတာစနစ်များမြှင့်တင်ခြင်းနှင့် မိုးလေဝသဝန်ထမ်းများအတွက် လေ့ကျင့်ရေး အင်စတီကျူများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ နိုင်ငံတွင် မုတ်သုံရာသီကာလအတွင်း သဘာဝဘေးများ ဖြစ်ပွားခြင်းကို ကာကွယ်သည့်အနေဖြင့် ရေကြီးရေလျှံမှု သတိပေးစနစ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း မတ်မိုဒဏ်ခံစားခဲ့ရသည့် နိုင်ငံသားများအား တပ်မတော်က အကူအညီများပေးအပ်

**ဟန္တိုင်း အောက်တိုဘာ ၈**

ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း မတ်မိုဒဏ်ခံစားခဲ့ရသည့် နိုင်ငံသားများအား ဗီယက်နမ်တပ်မတော်က တပ်ဖွဲ့ဝင် ၃၀၀၀၀၊ အသက်ကယ်လှေများနှင့် ရဟတ်ယာဉ်များဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်းသိရသည်။

ရေကြီးရေလျှံမှုခံစားခဲ့ရသည့် ဗာနင်ပြည်နယ်၊ ထိုင်းငုယင်ပြည်နယ်၊ လန်ဆောင်ပြည်နယ်နှင့် ကာအိုဗန်ပြည်နယ်တို့တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း တပ်မတော်ကယ်ဆယ်ရေးဌာန တာဝန်ရှိသူ ဗိုလ်မှူးချုပ် ဖန်ဗန်တိုင်က ပြောကြားသည်။

ဗာနင်ပြည်နယ်ရှိ ဒန်ကန်တမံပြိုကျခဲ့သဖြင့် ရွာငါးရွာရေနစ်မြုပ်၍ အိမ်ခြေ ၆၀၀ ခန့်ထိခိုက်ခဲ့ကာ ဒေသခံများအား တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရသည်။ လန်ဆောင်ပြည်နယ်ရှိ ဒေသခံများ စားသုံးရန်အတွက် ခေါက်ဆွဲခြောက်များနှင့် လိုအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံခြင်းများနှင့် မြေပြိုခြင်းများ ဖြစ်ပွားနိုင်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

**ကိုးကား- ဗွီအင်န်အိက်စ်ပရက်၊ ဘာသာပြန်- စိုးသူရ**

# သန်လျင်မြို့နယ်၌ တက္ကစီယာဉ်မောင်းအား သတ်ဖြတ်၍ မော်တော်ယာဉ်ကို လုယက်ယူဆောင်ခဲ့သူနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၈

သန်လျင်မြို့နယ်၌ တက္ကစီယာဉ်မောင်းကို သတ်ဖြတ်၍ မော်တော်ယာဉ်ကို လုယက်ယူဆောင်ခဲ့သူနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် ညနေ ၅ နာရီတွင် သာကေတမြို့နယ် အမှတ်(၃) ရန်ပြေရပ်ကွက် ရန်ပြေ(၁၈)လမ်းနေ ဦးစံသိန်း (၅၆)နှစ်သည် ၎င်းမောင်းနှင်သည့် YGN-21 BB/8983 TOYOTA PROBOX အမျိုးအစား အဖြူရောင်(အငှား)ယာဉ်ဖြင့် ထွက်ခွာသွားပြီး ည ၉ နာရီအထိ နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ၎င်းကိုင်ဆောင်သည့်လက်ကိုင်ဖုန်းမှာလည်း စက်ပိတ်ထားသောကြောင့် ကူညီစုံစမ်းပေးပါရန် သာကေတမြို့မရဲစခန်းသို့ ဆက်သွယ်အကူအညီတောင်းခံလာသဖြင့် ရဲတပ်ဖွဲ့ဝင်များက ရဲစခန်းအချင်းချင်းချိတ်ဆက်၍ စုံစမ်းရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု အလယ်ရွာကျေးရွာ သီလဝါခြောက်လမ်းသွားကားလမ်း မိုင်တိုင်အမှတ် ၈ မိုင် ၇ ဖာလုံနှင့် ၉ မိုင်အကြား လမ်းဝဲဘက်ခြမ်းအမှိုက်ပုံ၌ ဦးစံသိန်းအား ထိုးသွင်းဒဏ်ရာ ၃၁ ချက်ဖြင့် သေဆုံးနေသည်ကို ပြန်လည်တွေ့ရှိခဲ့သောကြောင့် သန်လျင်မြို့မရဲစခန်း (ပ)၃၅၅/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုရေးဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာတောင်ဘက်ကွင်းနေ ထက်ရှိုင်းဇော်(၁၇)နှစ်နှင့် သုံးခွမြို့နယ် ပုလဲစံပြကျေးရွာ အဆောင်နေ သက်ဝေဦး(၁၇)နှစ်တို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ထက်ရှိုင်းဇော်ကို အောက်တိုဘာ ၆ ရက် ညနေ ၅ နာရီတွင် အမှုထမ်းရပ်ကွက်ရှိ ဓမ္မရောင်ခြည်ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ဖြစ်စဉ်တွင်ပျောက်ဆုံးနေသည့် TOYOTA PROBOX မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဝေဦးကို ယင်းနေ့ည ၈ နာရီ မိနစ် ၅၀ တွင် ၎င်းနေထိုင်သည့်အဆောင်မှ ဖမ်းဆီးရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူနှစ်ဦးအား ၎င်းတို့စွန့်ပစ်ခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



ဖြစ်စဉ်မှ ပြန်လည်သိမ်းဆည်းရရှိသည့် သက်သေခံယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် အောက်တိုဘာ ၅ ရက် ည ၈ နာရီ ၁၀ မိနစ်တွင် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားပွဲ၌ အရက်သေစာသောက်စားမူးယစ်ပြီး ဦးစံသိန်းမောင်းနှင်သည့် အငှားယာဉ်အား စီးနင်းခဲ့ကြောင်း၊ သန်လျင်- ကျိုက်ခေါက်ဘုရားကားလမ်း ဆည်မြောင်းဂုံးထိပ်အနီးအရောက် ယာဉ်မောင်းက ယာဉ်စီးခ တောင်းခံခြင်းနှင့်ပတ်သက်၍ စကားများပြီး ထက်ရှိုင်းဇော်က ယူဆောင်လာသည့် ကတ်ကြေးဖြင့်ထိုးရာ ယာဉ်မောင်းက ဝက်အူလှည့်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် သက်ဝေဦးက အဆိုပါဝက်အူလှည့်ကို လုယူ၍ ပြန်လည်ထိုးခဲ့ကြောင်း။

ယာဉ်မောင်းသေဆုံးသွားသည့်အခါ ထက်ရှိုင်းဇော်က အဆိုပါယာဉ်ကို မောင်းနှင်လာခဲ့ပြီး သီလဝါခြောက်လမ်းသွား လမ်းပေါ်အရောက်၌ ယာဉ်မောင်း၏အလောင်းကို စွန့်ပစ်ခဲ့ပြီး ယာဉ်နံပါတ်ပြားများနှင့် အခြားဆက်စပ်ပစ္စည်းများကို စစ်ပင်ကွင်းကျေးရွာအနီး၌ စွန့်ပစ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည့်အတွက် သိမ်းဆည်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ စစ်ပင်ကွင်းကျေးရွာအနီး ချောင်းသစ်ကွင်းမှ မော်တော်ယာဉ်နံပါတ်ပြား နှစ်ခု၊ အဆိုပါယာဉ်နှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများ၊



ထက်ရှိုင်းဇော်



သက်ဝေဦး

ဦးစံသိန်း ပိုင်ဆိုင်သည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် အရိုးအသွား ၆ လက်မခွဲခန့်ရှိ ဦးချွန်ကတ်ကြေးတစ်ခုတို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ထိုသို့ အငှားယာဉ်မောင်းကို သတ်ဖြတ်ကာ မော်တော်ယာဉ်အား လုယက်မှုကျူးလွန်ခဲ့သူ ထက်ရှိုင်းဇော်နှင့် သက်ဝေဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel ၌ အမျိုးသမီးငယ်တစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သူနှင့် ပူးပေါင်းပါဝင်သူအား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၈**

ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel ၌ အမျိုးသမီးငယ်တစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သူနှင့် ပူးပေါင်းပါဝင်သူအား ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၁၁)ရပ်ကွက်ရှိ 32nd Beauty Land Hotel (၅)လွှာ အခန်းအမှတ်(၅၀၂) ပြတင်းပေါက်အပြင်ဘက် Air Con Outdoor နှစ်ခုကြားရှိ အမှိုက်အိတ်အတွင်း၌ သေဆုံးနေသည့် အမျိုးသမီးတစ်ဦးကို တွေ့ရှိရကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပလပ်စတစ်အမှိုက်အိတ်အတွင်း၌ သတ်ဖြတ်ခံထားရပြီး ဝမ်းတွင်းကလီစာများနှင့် ဝဲဘက်ပေါင်အသားများ လှီးဖြတ်ထုတ်ယူထားခြင်းခံထားရသည့် အသက်(၂၀)နှစ်ခန့် အမည်မသိ အမျိုးသမီးတစ်ဦး၏ အလောင်းကို တွေ့ရှိရသဖြင့် ပန်းဘဲတန်းမြို့မရဲစခန်း (ပ)၉၆/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှုရေးဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။





အောင်ခန့်ကျော်ဇင်



အေမွန်အောင်

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်နေ မစုမြတ်ဝင်း (၂၃)နှစ်ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများမှာ သာကေတမြို့နယ် အမှတ်(၇) အရှေ့ရပ်ကွက်နေ အောင်ခန့်ကျော်ဇင်(၁၈)နှစ်နှင့် ၎င်း၏ရည်းစားဖြစ်သူ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင် ရပ်ကွက် အောင်ချမ်းသာအိမ်ရာနေ အေမွန်အောင် (၁၈)နှစ်တို့ ဖြစ်ကြောင်း စုံစမ်းဖော်ထုတ် သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ၎င်းတို့နှစ်ဦးအား အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အောင်ခန့်ကျော်ဇင်၏နေအိမ်မှ ပြစ်မှုကျူးလွန်စဉ် ၎င်းဝတ်ဆင် အသုံးပြုခဲ့သည့် အဝတ်အစားများ၊ စတီးဓား နှစ်ချောင်း၊ သေဆုံးသူ ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းတစ်လုံး အပါအဝင် လက်ကိုင်ဖုန်း သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရရှိခဲ့သည်။

ပြစ်မှုကျူးလွန်သူ တရားခံ အောင်ခန့်ကျော်ဇင်၏ ထွက်ဆိုချက်အရ ၎င်းသည် ဂိမ်းအလွန်အကျွံကစားခြင်း၊ လူသတ်အလောင်းဖျောက်သည့် နိုင်ငံခြားဇာတ်လမ်းတွဲများကို အလွန်အကျွံကြည့်ရှုလေ့ရှိပြီး အောက်တိုဘာ ၅ ရက်တွင် LEADER အမည်ရှိ Telegram Channel မှတစ်ဆင့် မစုမြတ်ဝင်းအား ပျော်ပါးရန်အတွက် အခကြေးငွေဖြင့် ဆက်သွယ်ခေါ်ယူခဲ့ပြီး ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel အခန်းအမှတ်(၅၀၂)၌ ပျော်ပါးနေစဉ် ၎င်းကြည့်ရှုခဲ့သည့် လူသတ်အလောင်းဖျောက် နိုင်ငံခြား ရုပ်သံဇာတ်လမ်းတွဲများမှ ဇာတ်ဆောင်များအတိုင်း မစုမြတ်ဝင်းအား အသင့်ဆောင်ထားသည့် စတီးဓား နှစ်ချောင်းဖြင့် ရက်စက်စွာ သတ်ဖြတ်ပြီး ဝမ်းတွင်းကလီစာများနှင့် ဝဲဘက်ပေါင်အသားများ လှီးဖြတ်ထုတ်ယူကာ စွန့်ပစ်ခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် ၎င်း၏ရည်းစားဖြစ်သူ အေမွန်အောင်ကို အဆိုပါဟိုတယ်သို့ ခေါ်ဆောင်ကာ အခန်းအတွင်းပေကျံနေသည့် သွေးများ သန့်ရှင်းရေးပြုလုပ်ခြင်း၊ မစုမြတ်ဝင်း၏ အလောင်းအား ဖျောက်ဖျက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည့်အတွက် အမျိုးသမီးတစ်ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် အောင်ခန့်ကျော်ဇင်နှင့် အလောင်းဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့သူ အေမွန်အောင်တို့ကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အခင်းဖြစ်ပွားခဲ့သည့် 32nd Beauty Land Hotel ကိုလည်း ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပသွားခြင်းအားဖြင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ ယုံကြည်မိပါတယ်

ဦးနိုင်လင်းဗိုလ်(ခ)ဦးထွန်းမြင့်

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲတွင် တာဝန်ယူကြရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နည်းပြများနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်–


ဦးလှမင်း


မလပြည့်ဝန်း


မနန်းအေးအေးမော်


မောင်အံ့ထူးကိုကို


ဦးနိုင်လင်းဗိုလ်(ခ)ဦးထွန်းမြင့်


မောင်လွင်သန့်ထူးအောင်


မောင်ရဲရင့်ကျော်


မောင်အောင်မင်းသူ

**ဦးလှမင်း**
**တနင်္သာရီတိုင်းဒေသကြီး**
**သဘင်အစည်းအရုံး(မြိတ်)ဥက္ကဋ္ဌ**

တနင်္သာရီတိုင်း ဒေသကြီး ကိုယ်စားပြု ဝါသနာရှင်တွေ၊ ရွက်ပုန်းသီး ကျောင်းသား ကျောင်းသူလေးတွေကို မြေတောင်မြှောက်ပေးချင်တဲ့ဆန္ဒနဲ့ ဒီပြိုင်ပွဲကြီးမှာ ပါဝင်ဖြစ်တာပါ။ ကျွန်တော်တို့ တိုင်းဒေသကြီး အနေနဲ့တော့ မနှစ်က ကျင်းပတဲ့ (၂၅)နှစ်မြောက် ငွေရတုပြိုင်ပွဲမှာ အကနဲ့ ရွှေရရှိခဲ့ပါတယ်။ ဒီနှစ်တော့ အကရော၊ အဆိုရော၊ အတီးရောပေါ့၊ ဆုတံဆိပ်တွေရရှိဖို့ မျှော်မှန်းထားပါတယ်။ တိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ဒီနှစ်မှာ ၁၀၀ ကျော်လောက် ပါဝင်ယှဉ်ပြိုင်တာပါ။ နိုင်ငံတော်က ကျင်းပပေးတဲ့ ဒီလိုပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ မျိုးဆက်သစ်လူငယ်တွေအတွက် အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ ဒီပွဲကြီးကနေ သူတို့ကို မြေတောင်မြှောက်ပေးနိုင်မယ်။ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို လက်ဆင့်ကမ်းပေးနိုင်မှာ ဖြစ်ပါတယ်။

**မလပြည့်ဝန်း**
**အခြေခံပညာ(၁၅–၂၀)**
**အမျိုးသမီး အက**
**(ဧရာဝတီတိုင်းဒေသကြီး)**

(၂၃)ကြိမ်မြောက်ကနေ အခု (၂၆)ကြိမ်မြောက်အထိ လေးနှစ်ဆက်တိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ (၂၃)ကြိမ်မြောက် အခြေခံပညာ (အခြေခံပညာ ၁၀–၁၅) အဆင့်မှာ အကနဲ့ ငွေတံဆိပ်ရရှိခဲ့ပါတယ်။ တိုင်းဒေသကြီးရဲ့ဂုဏ်ကို ဆောင်နိုင်ဖို့အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်ခဲ့ပါတယ်။ မြန်မာ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းတဲ့အနေနဲ့ ဒီလိုမျိုး အနုပညာလုပ်ငန်းတွေကို တစိုက်မတ်မတ် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒီလိုပွဲကြီးဖြစ်မြောက်အောင် စီစဉ်ပေးတဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

**မနန်းအေးအေးမော်**
**အခြေခံပညာ(၁၀–၁၅)**
**အမျိုးသမီး အက၊ ကရင်ပြည်နယ်**

ဒီဗဟိုအဆင့်ပြိုင်ပွဲကို ဒီနှစ်မှ စတင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့တာပါ။ ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် တစ်လလောက်ပဲရခဲ့ပေမယ့်အကောင်းဆုံး ကြိုးစား ယှဉ်ပြိုင်ခဲ့ပါတယ်။ ကျောင်းနေအရွယ် ကတည်းက အကကို ဝါသနာပါခဲ့ပါတယ်။ ရှေ့ဆက်ပြီးလည်း ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်သွားဖို့ ရှိပါတယ်။

**မောင်အံ့ထူးကိုကို**
**အခြေခံပညာ(၁၅–၂၀)**
**အမျိုးသား ဆိုင်းတစ်ဦးချင်း**
**(ရန်ကုန်တိုင်းဒေသကြီး)**

(၂၃)ကြိမ်မြောက် ပြိုင်ပွဲကတည်းက စတင်ယှဉ်ပြိုင်ခဲ့တာ အခုဆိုရင် လေးနှစ်ရှိပါပြီ။ (၂၃)ကြိမ်မြောက်မှာ ကြေးတစ်ဆုရရှိခဲ့ပြီး (၂၄)ကြိမ်မှာ ရွှေသုံးဆု၊ ငွေတစ်ဆုရရှိခဲ့ပါတယ်။ (၂၅)ကြိမ်မှာလည်း ရွှေရရှိခဲ့ပါတယ်။ အခုလည်း အကောင်းဆုံးယှဉ်ပြိုင်ခဲ့ပြီး ရွှေရရှိဖို့ မျှော်မှန်းထားပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ လုပ်ငန်းတွေကို ကိုယ့်လူမျိုးတွေ တန်ဖိုးထားတတ်အောင် ဆက်လက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒီလိုပွဲမျိုးကျင်းပပေးခြင်းအားဖြင့် ကျွန်တော်တို့အတွက် ပညာတွေ၊ အတွေ့အကြုံတွေ အများကြီးရသလို တိုးတက်မှုတွေလည်း ရရှိတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးအထူးတင်ရှိပါတယ်။

**ဦးနိုင်လင်းဗိုလ်(ခ)ဦးထွန်းမြင့်**
**ဆိုင်းနည်းပြ၊ ကရင်ပြည်နယ်**

အခုလိုမျိုး ဆိုကရေးတီး ပြိုင်ပွဲတွေ လုပ်ပေးခြင်းအားဖြင့် အနုပညာသမားတွေ အတွက် တော်တော်ကိုဝမ်းပန်းတသာဖြစ်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ပါဝင်ယှဉ်ပြိုင်တဲ့ ကလေးတွေ အတွက် တစ်နှစ်ထက်တစ်နှစ် ဗဟုသုတတွေ ပိုရလာတယ်။ သီချင်းကြီးပေါင်းစုံလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာရတာပေါ့။ ပိုပြီးနားရည်ဝကျွမ်းကျင်လာကြပါတယ်။

အခုလိုမျိုးပဲ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပသွားခြင်းအားဖြင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ ယုံကြည်မိပါတယ်။

**မောင်လွင်သန့်ထူးအောင်**
**အခြေခံပညာ(၁၀–၁၅)**
**တယောပြိုင်ပွဲ၊ မကွေးတိုင်း**
**ဒေသကြီး ကိုယ်စားပြု**

ဝေဘာဂီရိကြိုးနဲ့ အခု (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပြိုင်တဲ့အဆင့်မှာ အဖွဲ့ကိုးဖွဲ့ရှိပါတယ်။ ဒီပြိုင်ပွဲကြီး ယှဉ်ပြိုင်ဖို့အတွက် နှစ်ပေါက်အောင် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားပါတယ်။ (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာလည်း တစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။

အခုပြိုင်ပွဲယှဉ်ပြိုင်ဖို့ အနီးကပ်ထပ်ခါထပ်ခါ လေ့ကျင့်ခဲ့တဲ့ သီချင်းသုံးပုဒ် ရှိပါတယ်။ ဝေဘာဂီရိ ကြိုးရယ်၊ တိမ်တမာန်၊ စန်းနွေဦးသီချင်းတွေဖြစ်ပါတယ်။ လေ့ကျင့်တဲ့အချိန်က အားအရဆုံး သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ရတဲ့အတွက် ရွှေတံဆိပ်ဆုကို မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့အဆင့်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်က အဖွဲ့ကိုးဖွဲ့ရှိပါတယ်။ အားလုံးကလည်း ကြိုးစားယှဉ်ပြိုင်ကြတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ လာမယ့်နှစ်တွေမှာလည်း ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ တယောပညာနဲ့ မြန်မာနိုင်ငံရဲ့ အမွေအနှစ်တွေကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။

**မောင်ရဲရင့်ကျော်**
**ချင်းပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့်ပညာ၊ အဆို(မဟာဂီတ)**

ကျွန်တော်က သာဆန်းရဂုံဘွေ (ပတ်ပျိုး)နဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲကြီးအတွက် ကျွန်တော့်ရဲ့ဆရာတွေက သီချင်းလေးပုဒ်နဲ့ လေ့ကျင့်ပေးပါတယ်။ သာဆန်းရဂုံဘွေ(ပတ်ပျိုး)၊ ပပဝင်းဝင်း (ပတ်ပျိုး)၊ မန္တလာဘုံ၊ တောင်ဇမ္ဗူပိုင်(ယိုးဒယား) သီချင်းလေးပုဒ်ကို ပိုင်ပိုင်နိုင်နိုင် သီဆိုနိုင်အောင် ကြိုတင် ပြင်ဆင်ခဲ့ပါတယ်။ လေ့ကျင့်တဲ့အချိန်မှာ အားအရဆုံး သီချင်းက တောင်ဇမ္ဗူပိုင် (ယိုးဒယား)ဖြစ်ပါတယ်။ ဒုတိယကတော့ အခုသီဆိုယှဉ်ပြိုင်ခဲ့တဲ့ သာဆန်းရဂုံဘွေ(ပတ်ပျိုး)ဖြစ်ပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ အမှားအယွင်းအနည်းဆုံးနဲ့ သီဆိုနိုင်ခဲ့ပါတယ်။ (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ အဆင့်မြင့်ပညာအဆင့် (ကာလပေါ်)မှာ ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း ရွှေတံဆိပ်ဆုရရှိမယ်လို့ မျှော်လင့်ထားပါတယ်။

မဟာဂီတနဲ့ ပတ်သက်ပြီး ကျွန်တော်တို့လို လူငယ်မျိုးဆက်သစ်တွေအနေနဲ့ ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ မြန်မာတို့ရဲ့ အမွေအနှစ်လို့ပြောလို့ရတဲ့ မဟာဂီတကို လူငယ်တွေအနေနဲ့ စိတ်ဝင်စားပြီး ထိန်းသိမ်းကြမယ်ဆိုရင် နှစ်ပေါင်းများစွာတိုင်အောင် ရှိနေမှာဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့သင်ကြပါ၊ မဟာဂီတကို ထိန်းသိမ်းဖို့ ကျွန်တော်တို့လူငယ်တွေရဲ့တာဝန်ဖြစ်ပြီး လေ့လာကြပါလို့ပြောလိုပါတယ်။

**မောင်ဝေဖြိုးဇော်**
**ရှမ်းပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့် ခေတ်ဟောင်း/**
**တေးကာလပေါ်**

ပထမဆုံးအကြိမ် အနေနဲ့ ယှဉ်ပြိုင်ရပေမယ့် အားရကျေနပ်မှု အပြည့်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီသီချင်းတွေကို ဘာကြောင့် စိတ်ဝင်စားလဲဆိုရင် လက်ရှိပညာရေးကောလိပ်တက်နေတဲ့ ကျောင်းဆရာလောင်းတစ်ယောက် ဖြစ်ပါတယ်။ မြန်မာသံတွေ ပျောက်ကွယ် မသွားရအောင် ကျွန်တော်တို့က ထိန်းသိမ်းရမယ်။ ဒါမှ ကလေးတွေကို ကျွန်တော်တို့အနေနဲ့ ကျောင်းတွေမှာ ပြန်လည်သင်ကြား ပြသပေးနိုင်မယ်။ နံပါတ်တစ်ကတော့ ဝါသနာပါတာပါ။ နံပါတ်နှစ်ကတော့ မျိုးဆက်သစ်တွေကို ကိုယ့်ရိုးရာအမွေအနှစ်တွေ ချစ်မြတ်နိုးတတ်လာအောင် သင်ပြပေးချင်တဲ့စိတ်ကြောင့်ပါ။ လူငယ်တွေအနေနဲ့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ချစ်တဲ့သူတိုင်း ကိုယ့်ဂီတ၊ ကိုယ့်အနုပညာကိုချစ်တဲ့စိတ်က ပါလာမှာဖြစ်ပါတယ်။ ဒါတွေရှိမှ ခေတ်ဟောင်းတေး ကာလပေါ် သီချင်းတွေကို သီဆိုနိုင်မှာလည်း ဖြစ်ပါတယ်။

နှစ်စဉ်မပျက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်က အကုန်အကျများစွာခံပြီး ကျင်းပပေးနေတာဖြစ်ပါတယ်။ ကိုယ့်ရိုးရာယဉ်ကျေးမှုတွေကို ထိန်းသိမ်းဖို့ လူငယ်တွေအနေနဲ့လည်း တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားသင်ယူကြပါ။ တခြားနိုင်ငံတွေမှာလည်း ကိုယ့်ယဉ်ကျေးမှု ကိုယ့်ရိုးရာတွေကို ထိန်းသိမ်းနေကြတာတွေ တွေ့ရပါတယ်။ မြန်မာနိုင်ငံသားတွေအနေနဲ့လည်း ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်လူမျိုး၊ ကိုယ့်ဂီတတွေကို ထိန်းသိမ်းကြပါ။ တေးရေးဆရာတွေအနေနဲ့လည်း ဒီလိုသီချင်းတွေကို အသစ်တွေရေးစပ်သင့်ပါတယ်။ သီဆိုသူတွေအနေနဲ့လည်း ရေးစပ်ပေးတဲ့သီချင်းတွေကို သီဆိုကြပါလို့ ပြောလိုပါတယ်။

**မောင်အောင်မင်းသူ**
**ဧရာဝတီတိုင်းဒေသကြီး**
**ကိုယ်စားပြု၊ အဆင့်မြင့်ပညာ**
**တယောအတီးပြိုင်ပွဲ**

ကျွန်တော် မြိုင်ကြီးဟေမာ (ယိုးဒယား)သီချင်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အကောင်းဆုံး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီနှစ်မှာပဲ ပထမဦးဆုံးဝင်ရောက်ယှဉ်ပြိုင်တာပါ။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေတုန်း ရင်ခုန်စိတ်လှုပ်ရှားပေမယ့် တည်တည်ငြိမ်ငြိမ်နဲ့ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ကြိုတင်ပြင်ဆင် လေ့ကျင့်မှုတွေ အများကြီး လုပ်ဆောင်ခဲ့တဲ့အတွက် အခက်အခဲအနည်းငယ်ရှိပေမယ့် အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။

**တွေ့ဆုံမေးမြန်း – လင်းရာမ**
**ဓာတ်ပုံ – ကိုထက်**

## ဟုမ္မလင်းမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာနေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်္ဂပူမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူ

**အင်္ဂပူ အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ဆိပ်ကမ်းသာလမ်းဆုံ၌ ယမန်နေ့နံနက်ပိုင်းက "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" မြေစိုက်ပိုစတာ စိုက်ထူသည်။



အဆိုပါ မြေစိုက်ပိုစတာအား အင်္ဂပူမြို့နယ်အတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် လူစည်ကားရာနေရာတွင် စိုက်ထူထားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ရွေးကောက်ပွဲအရာရှိ ဦးသူရလှိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးမြင့်ဦးနှင့်အဖွဲ့ဝင်များ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာဌေးနှင့်အဖွဲ့ဝင်များက အမွှေးနံ့သာရည်များကို ပက်ဖျန်းပေးသည်။အလားတူ မဲဇလီကုန်းမြို့နှင့် ထူးကြီးမြို့များရှိ လူစည်ကားရာနေရာတွင် "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" မြေစိုက်ပိုစတာစိုက်ထူခဲ့ကြောင်း သိရသည်။**မန်းကျော်(ပြန်/ဆက်)**

## ရေဖြူမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပေးဆိုင်းဘုတ်စိုက်ထူ

**ရေဖြူ အောက်တိုဘာ ၈**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်၌ ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ အသိပေးဆိုင်းဘုတ် "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့"ကို ယနေ့နံနက်ပိုင်းတွင် ရေဖြူမြို့ မြို့မစည်ပင်သာယာမြဟောဝန်ပန်းခြံရှေ့နှင့် ရေး-ထားဝယ်ကားလမ်း ရေဖြူတံတားထိပ် လူစည်ကားရာနေရာများ၌ စိုက်ထူသည်။

**တက်ရောက်**

အဆိုပါဆိုင်းဘုတ်အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇင်လင်းနိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ထင်ကိုကို၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယဦးစီးမှူး ဦးခင်မောင်လွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ/ရပ်ကွက် ကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်စိုက်ထူခဲ့ကြောင်း သိရသည်။

**ရေဖြူ(ပြန်/ဆက်)**



## မိုင်းယောင်းမြို့၌ တိုင်းယောင်းရိုးရာ ဆင်ဆွဲပွဲတော် ကျင်းပ



**မိုင်းယောင်း အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပလှူဒါန်းသည့် တိုင်းယောင်းရိုးရာ ဆင်ဆွဲပွဲတော်ကို အောက်တိုဘာ ၇ ရက်က ဟိုခုံပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

မိုင်းယောင်းမြို့တွင် ဒေသခံတိုင်းရင်းသားများသည် ဘဝသံသရာအတွက် ကောင်းမှုကုသိုလ်အဖြစ် ဆင်ရုပ်များပြုလုပ်ပြီး သံဃာတော်များအား စာရေးတံမဲချ၍ လှူဒါန်းခြင်းဖြစ်သည်။

ရှမ်းပြက္ခဒိန်နှစ်အရ အောက်တိုဘာ ၇ ရက်သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်နှင့်အညီ ဗောဓိရွှေညောင်ပင်၊ စျာန်ရ ကိုရင်ကြီးတောရကျောင်း၊ ခတ်လုံစေတီတော်ကြီး အပါအဝင် တန်ခိုးကြီး ဘုရားစေတီများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြစ်၍ အထူးစည်ကားများပြားခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် အောက်တိုဘာ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပဥ္စမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၁၃-၁၀-၂၀၂၅ ရက်မှ ၂၁-၁၁-၂၀၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိအောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊
  ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# စိတ်ကျန်းမာရေးမြှင့်တင်ဖို့ အားလုံးစုပေါင်းဆောင်ရွက်စို့

ဒေါက်တာအောင်ထွဏ်း

ကမ္ဘာတစ်ဝန်းတွင် အောက်တိုဘာလ ၁၀ ရက်နေ့ရောက်တိုင်း ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ကို ကျင်းပကြပါသည်။ ၂၀၂၅ ခုနှစ်အတွက် **"ကပ်ဘေးဆိုးများနှင့် အရေးပေါ်အခြေအနေများအတွင်း စိတ်ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရေး"** "Access to Service : Mental Health in Castatrophies and Emergencies" ဆိုသည့် ဆောင်ပုဒ်ကိုသတ်မှတ်၍အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းထားပါသည်။ ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါများနှင့် ရာသီဥတုအကျပ်အတည်းများသည် ကမ္ဘာတစ်ဝန်း လူ့ဘဝများကို ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများပျောက်ကင်းသွားပြီး နောက်ပိုင်းတွင်ပင် စိတ်ပိုင်းဆိုင်ရာ မမြင်ရသော ဒဏ်ရာများကို ကျန်ရစ်စေတတ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ကျန်းမာသုခမရှိဘဲ လူ့အသိုင်းအဝိုင်းများ ပြန်လည်ထူထောင်ခြင်း၊ ကလေးများ သင်ယူခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းတို့ မပြုနိုင်ပါ။ သိမြင်နားလည်မှုမြင့်တက်လာသည့်တိုင် မြန်မာနိုင်ငံကဲ့သို့သော သဘာဝဘေးအန္တရာယ် မကြာခဏဒဏ်ခံနေရသည့် နိုင်ငံများတွင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလိုအပ်လျက်ရှိပါသည်။

**ကမ္ဘာ့စိတ်ကျန်းမာရေးအခြေအနေ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အဆိုအရ ပဋိပက္ခ သို့မဟုတ် အကျပ်အတည်း နယ်ပယ်များတွင် လူဦးရေ ငါးဦးတွင် တစ်ဦး (၂၂ ရာခိုင်နှုန်း) သည် စိတ်ခတ်ကျရောဂါနှင့် စိုးရိမ်ပူပန်မှုမှသည် စိတ်ဒဏ်ရာနောက်ကျန်ရောဂါ (Post-traumatic Stress Disorder-PTSD)၊ စိတ်နှစ်ခွရောဂါနှင့် စိတ်ကစဉ့်ကလျားရောဂါအထိ စိတ်ကျန်းမာရေးအခြေအနေများ ဖြစ်ပွားလာကြသည်ဟုဆိုပါသည်။ စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါများကဲ့သို့သော ကမ္ဘာ့အရေးပေါ်အခြေအနေများသည် စိတ်ပိုင်းဆိုင်ရာဖိစီးမှုကို မြင့်တက်စေရုံသာမက ရှိရင်းစွဲ ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း ကမောက်ကမဖြစ်စေပြီး လိုအပ်သည့်အချိန်တွင် လိုအပ်သလို စိတ်ကျန်းမာရေးစောင့်ရှောက်မှု မရရှိကြပါ။ WHO က လူသားချင်းစာနာထောက်ထားမှု အရေးပေါ်အခြေအနေများတွင် လိုအပ်နေသူများ၏ နှစ်ရာခိုင်နှုန်းသာ စိတ်ကျန်းမာရေးစောင့်ရှောက်မှုများကို အမှန်တကယ်ရရှိကြောင်း သတိပေးထားပါသည်။

**မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများ**


မြန်မာနိုင်ငံတွင် မကြာသေးမီက ကြုံတွေ့ခဲ့ရသည့် ဘေးအန္တရာယ်များကြောင့် စိတ်ဒဏ်ရာများခံစားနေရကြောင်း ဆိုကြပါသည်။ ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၁၉ ဒသမ ၉ သန်း (လူဦးရေ၏ သုံးပုံတစ်ပုံကျော်) သည် လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်နေပါသည်။ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်မှုအဖွဲ့ (IOM) ၏ အဆိုအရ ပဋိပက္ခနှင့် ရာသီဥတုအကျပ်အတည်းများက ဤအခြေအနေကို ပိုမိုဖြစ်ပွားစေပါသည်။ ၂၀၂၅ ခုနှစ် မတ်လတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီး ထောင်ချီသော လူအသေအပျောက်ရှိခဲ့ကာ အချို့မှာ စိတ်ကျန်းမာရေး ခံစားကြရသည်။ ရေကြီးရေလျှံမှုများနှင့် ဆိုင်ကလုန်းမုန်တိုင်းများကလည်း စိတ်ဝေဒနာကို ပိုမိုဆိုးရွားစေပါသည်။ ရေလျှံနယ်မြေများတွင် အမျိုးသား ၄၇ ရာခိုင်နှုန်းက ပြင်းထန်သော စိတ်ခတ်ကျရောဂါရှိကြောင်း၊ ၄၁ ရာခိုင်နှုန်းက ပြင်းထန်သော စိုးရိမ်ပူပန်မှုရှိကြောင်း သိရှိရသည်။

လူငယ်များသည် အဆိုးရွားဆုံး ထိခိုက်ခံရပါသည်။ လန်ဒန်ဆေးတက္ကသိုလ် London School of Hygiene & Tropical Medicine (LSHTM) ၏ ၂၀၂၅ ခုနှစ် လေ့လာမှုတစ်ခုက ပဋိပက္ခဇုန်များရှိ ဆယ်ကျော်သက်မိန်းကလေးများကို စစ်တမ်းကောက်ယူခဲ့ပါသည်။ ၎င်းတို့တွင် အကြမ်းဖက်မှုနှင့် အိုးမဲ့အိမ်မဲ့ဖြစ်မှုတို့မှ စိတ်ဖိစီးမှုနှုန်း မြင့်မားကြောင်း တွေ့ရှိရပါသည်။ အခြားစစ်တမ်းတစ်ခုက စခန်းများရှိ ရွှေ့ပြောင်းနေထိုင်သူ လူကြီးများတွင် ဆုံးရှုံးမှု၊ ကြောက်ရွံ့မှုနှင့် ဆက်စပ်နေသော ပြင်းထန်သည့် စိတ်ပိုင်းဆိုင်ရာပြဿနာများ ရှိကြောင်း ဖော်ပြပါသည်။

**၂၀၁၆ ခုနှစ် ကမ္ဘာ့ကျောင်းသားများ ကျန်းမာရေးစစ်တမ်း (Global Student Health Survey 2016 – GSHS)**

ဤသုတေသနစစ်တမ်းသည် လက်ရှိအကျပ်အတည်းများမတိုင်မီ ပြုလုပ်ခဲ့ခြင်းဖြစ်သော်လည်း ဆယ်ကျော်သက်စိတ်ကျန်းမာရေးအတွက် အရေးပါသောအချက်အလက်များကို ဆက်လက်ပေးစွမ်းနေပါသည်-

- ၈ ဒသမ ၅ ရာခိုင်နှုန်းသော ကျောင်းသားများက မကြာခဏ သို့မဟုတ် အမြဲတမ်း အထီးကျန် ခံစားရကြောင်း ဖော်ပြခဲ့သည်။
- ၃ ဒသမ ၆ ရာခိုင်နှုန်းသော ကျောင်းသားများသည် ပုံမှန်အိပ်ပျော်နိုင်ခြင်းမရှိအောင် စိုးရိမ်ပူပန်မှုရှိကြသည်။
- ၈ ဒသမ ၇ ရာခိုင်နှုန်းသော ကျောင်းသားများသည် လွန်ခဲ့သော ၁၂ လအတွင်း ကိုယ့်ကိုယ်ကိုယ် သတ်သေရန် ကြံစည်ခဲ့ဖူးသည်။
- ၈ ဒသမ ၄ ရာခိုင်နှုန်းသော ကျောင်းသားများသည် သတ်သေရန် အစီအစဉ်ဆွဲခဲ့ဖူးသည်။




ဤဂဏန်းများသည် ထိခိုက်လွယ်သော လူငယ်အလွှာနှင့် လက်ရှိအကျပ်အတည်းများအောက်တွင် အခြေအနေ ပိုမိုဆိုးရွားလာနိုင်ခြေမြင့်မားသော လူဦးရေကို မီးမောင်းထိုးပြပါသည်။ ယခုအခါ ကလေးသန်းပေါင်းများစွာသည် စိတ်ခတ်ကျရောဂါ၊ စိတ်ဒဏ်ရာနောက်ကျန်ရောဂါ(PTSD) နှင့် မိမိကိုယ်ကို ထိခိုက်စေမှုအန္တရာယ်နှင့် ရင်ဆိုင်နေရပြီး ၎င်းတို့၏အန္တရာယ်မှာ သိသိသာသာ ပိုမိုမြင့်မားနေပါသည်။

စိတ်မကျန်းမာမှုနှင့်ပတ်သက်၍ အယူသည်းမှုများသည် မြန်မာနိုင်ငံတွင် ဆက်လက်အားကောင်းနေဆဲဖြစ်ပြီး ဆင်းရဲဒုက္ခခံစားနေရသူများစွာကို နှုတ်ဆိတ်စေပါသည်။ ဤအချက်သည် ကျောင်းများ၊ လူ့အသိုင်းအဝိုင်းများနှင့် မိသားစုများအတွင်း ကြိုတင်ကာကွယ်ခြင်းနှင့် ပွင့်လင်းသော ဆွေးနွေးမှုများပြုလုပ်ရန် အရေးတကြီးလိုအပ်ပါသည်။

**အဖြစ်များသော စိတ်ရောဂါများနှင့် ၎င်းတို့၏ သက်ရောက်မှုများ**

အရေးပေါ်အခြေအနေများတွင် အဖြစ်အများဆုံး စိတ်ကျန်းမာရေးအခြေအနေများတွင် အောက်ပါတို့ ပါဝင်ပါသည်-

၁။ စိတ်ခတ်ကျရောဂါ - ဆက်တိုက်ဝမ်းနည်းမှု၊ မျှော်လင့်ချက်ကင်းမဲ့မှုနှင့် စိတ်ဝင်စားမှုဆုံးရှုံးမှု။

၂။ စိုးရိမ်ပူပန်မှုရောဂါများ - ကြောက်ရွံ့မှု၊ အလန့်တကြားတက်ခြင်းနှင့် ဆက်တိုက်စိုးရိမ်မှု။

၃။ စိတ်ဒဏ်ရာနောက်ကျန်ရောဂါ (PTSD) - အိပ်မက်ဆိုးများ၊ စိတ်ထဲပြန်ပေါ်လာခြင်းနှင့် ဒဏ်ရာရပြီးနောက် လူရှောင်ခြင်း။

၄။ မူးယစ်ဆေးဝါး အလွဲသုံးစားလုပ်မှုရောဂါများ - အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းနှင့် ဆုံးရှုံးမှုပြီးနောက် မကြာခဏ မြင့်တက်လာခြင်း။

၅။ မိမိကိုယ်ကိုသတ်သေရန် အတွေးအခေါ်များနှင့် အပြုအမူ-ဝမ်းနည်းဖွယ်ရာ သို့သော် တားဆီးကာကွယ်နိုင်သော အကျိုးဆက်။

ကုသမှုမခံယူပါက ဤအခြေအနေများသည် ပညာရေးကို နှောင့်ယှက်ပြီး မိသားစုများကို စိတ်ဖိစီးစေကာ နိုင်ငံတော်ပြန်လည်ထူထောင်ရေးကို အဟန့်အတားဖြစ်စေပါသည်။ လူဦးရေအများစုသည် လူငယ်များဖြစ်သည့် မြန်မာနိုင်ငံအတွက် လူငယ်များ၏ စိတ်ကျန်းမာရေးသည် နိုင်ငံ၏အနာဂတ် ပုံဖော်ရာတွင် အခရာကျသည်။

**အန္တရာယ်ဖြစ်စေသည့် အချက်များနှင့် ထိခိုက်လွယ်မှုများ**

အရေးပေါ်အခြေအနေများတွင် စိတ်ကျန်းမာရေးကို ပိုမိုဆိုးရွားစေသည်မှာ အဘယ်နည်း။ အန္တရာယ်များသည် ကမ္ဘာတစ်ဝန်း တူညီသော်လည်း ဒေသတွင်းအန္တရာယ်များက ပြင်းထန်စွာ သက်ရောက်မှုရှိပါသည်။

ကမ္ဘာတစ်ဝန်း၌ ဆင်းရဲမွဲတေမှုကဲ့သို့သော ရှိရင်းစွဲပြဿနာများက အခြေအနေကို ဆိုးရွားစေသည်။ အရေးပေါ်အခြေအနေများသည် ဝမ်းနည်းပူဆွေးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အထီးကျန်မှုတို့ကို ပေါင်းထည့်ပေးသည်။ ကူညီသူများသည်လည်း "စာနာစိတ်နှင့် ပင်ပန်းနွမ်းနယ်မှု"ကို ရင်ဆိုင်ရသည်။ သက်ရောက်မှုများတွင် မိမိကိုယ်ကို သတ်သေမှုမြင့်တက်ခြင်း၊ မိသားစုပြိုကွဲခြင်းနှင့် ထုတ်လုပ်မှုဆုံးရှုံးခြင်းတို့ ပါဝင်သည်။

မြန်မာနိုင်ငံတွင် လူအများစုသည် အရှက်ကြောင့် ဝေဒနာကို ဖုံးကွယ်ထားကြသည်။ အန္တရာယ်ဖြစ်စေသည့်အချက်များတွင် အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ အစားအစာရှားပါးခြင်းနှင့် လုံခြုံသည့်နေရာမရှိခြင်းတို့ ပါဝင်သည်။ GSHS က အားနည်းသော မိဘဆက်ဆံရေးသည် မိမိကိုယ်ကို သတ်သေမှုအန္တရာယ်ကို ၂-၃ ဆမြင့်တက်စေကြောင်း ပြသခဲ့သည်။ သက်ရောက်မှုများသည် နှစ်ပေါင်းများစွာ ကြာရှည်သည်။ ငလျင်ပြီးနောက် ကလေးများသည် အိပ်မက်ဆိုးများကဲ့သို့သော PTSD လက္ခဏာများ ပြသကြသည်။ အမျိုးသမီးများသည် အိမ်တွင်းတာဝန်များမှ စိုးရိမ်ပူပန်မှု ပိုမိုများပြားစွာခံစားကြရသည်။ စီးပွားရေးလည်း ထိခိုက်စေသည်။ စိတ်ခတ်ကျနေသော အလုပ်သမားများသည် ပြန်လည်မထူထောင်နိုင်ပါ။ အကူအညီမရှိပါက ပြဿနာငယ်များသည် တစ်သက်တာဒဏ်ရာများအထိ ဖြစ်လာနိုင်သည်။

**ကာကွယ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း - လူငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်း**

WHO နှင့် UNICEF တို့သည် စိတ်ကျန်းမာရေးနှင့် လူမှုရေးစိတ်ခံစားမှုအကူအညီ (MHPSS) ကို လူသားချင်းစာနာထောက်ထားမှုတုံ့ပြန်မှုအားလုံးတွင် အခြေခံကျသည်ဟု အလေးပေးဖော်ပြကြသည်။ မြန်မာနိုင်ငံတွင်အောက်ပါတို့ဖြင့် ဆောင်ရွက်နိုင်ပါသည်-

၁။ ကျောင်းအခြေပြု ဆောင်ရွက်ချက်များ - GSHS အချက်အလက်ကို အခြေခံအဖြစ် အသုံးပြုကာ သင်ရိုးညွှန်းတမ်းများတွင် ဒဏ်ခံနိုင်မှုနှင့် ရင်ဆိုင်ကျော်လွှားနည်းများကို ပေါင်းစပ်ခြင်း။

စာမျက်နှာ ၁၉ သို့

**ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါများနှင့် ရာသီဥတုအကျပ်အတည်းများသည် ကမ္ဘာတစ်ဝန်း လူ့ဘဝများကို ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများပျောက်ကင်းသွားပြီး နောက်ပိုင်းတွင်ပင် စိတ်ပိုင်းဆိုင်ရာ မမြင်ရသောဒဏ်ရာများကို ကျန်ရစ်စေတတ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ကျန်းမာသုခမရှိဘဲ လူ့အသိုင်းအဝိုင်းများ ပြန်လည်ထူထောင်ခြင်း၊ ကလေးများသင်ယူခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းတို့မပြုနိုင်ပါ။ သိမြင်နားလည်မှုမြင့်တက်လာသည့်တိုင် မြန်မာနိုင်ငံကဲ့သို့သော သဘာဝဘေးအန္တရာယ် မကြာခဏဒဏ်ခံနေရသည့် နိုင်ငံများတွင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလိုအပ်**

## ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) လူမှုအကျိုးပြုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်အား ရွေးချယ်ခန့်အပ်

နေပြည်တော် အောက်တိုဘာ ၈

၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသော ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာကောင်စီအစည်းအဝေးတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုလုပ်ငန်းကော်မတီ (FIFA Football Social Responsibilty Committee) ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား ရွေးချယ်ခန့်အပ်ခဲ့သည်။




ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည့် ဦးဇော်ဇော်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အင်ဖန်တီနိုတို့ကို တွေ့ရစဉ်။

ဦးဇော်ဇော်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ် (AFC) အကြီးတန်း ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ လူမှုရေးရာကော်မတီ ဥက္ကဋ္ဌနှင့် AFC Dream Asia Foundation ၏ Board of Trustees တစ်ဦးအဖြစ် ၂၀၁၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အာရှဘောလုံးအဖွဲ့ချုပ်၊ အာဆီယံဘောလုံးအဖွဲ့ချုပ်တို့က ချီးမြှင့်သော AFC Dream Asia Award (2013)၊ ASEAN Goodwill Award (2014)၊ ASEAN Goodwill Award (2017)၊ AFC Distinguished Service Award(2024) တို့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုလုပ်ငန်း ကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် အာဂျင်တီးနားဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သူ Javier Zanetti က ဆောင်ရွက်မည်ဖြစ်ပြီး ကော်မတီတွင် အဖွဲ့ဝင် ၂၂ ဦးဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ASEAN-COCI နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် အောက်တိုဘာ ၈

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ(ASEAN-COCI)တည်ထောင်ခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ပြိုင်ပွဲဝင်များအနေဖြင့် ယှဉ်ပြိုင်မည့်ဓာတ်ပုံများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၉ ရက် နောက်ဆုံးထား၍ https://forms.gle/TWtjdqk81vqAGVbc7 မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်သည့် သတ်မှတ်ချက်များကို https://asean.org/call-for-submissions-asean-coci-2025-jubilee-photo-competition-2 တွင် အသေးစိတ် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား အမေရိကန်ဒေါ်လာ ပထမဆု ၁၀၀၀၊ ဒုတိယဆု ၇၅၀ နှင့် တတိယဆု ၂၅၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❊ ကျောဖုံးမှ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော သံချောင်းလုံးများအား ရန်ကုန်မြို့မှ အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ဒုတိယအကြိမ်အဖြစ် အဆိုပါသံချောင်းလုံးများ တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့၊ မြို့ဟောင်းဘူတာသို့ ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော HRB 500 အမျိုးအစား သံချောင်းလုံးများကို ပေးပို့လျက်ရှိရာ ပထမအကြိမ်တွင် သံချောင်းလုံး တန်ချိန် ၄၈၆ ဒသမ ၈၈၆ တန်နှင့် ယခုအကြိမ်တွင် သံချောင်းလုံး တန်ချိန် ၄၉၀ ဒသမ ၅၃ တန် ပို့ဆောင်ပေးပြီး စုစုပေါင်း သံချောင်းလုံး တန်ချိန် ၉၇၇ ဒသမ ၄၁၆ တန် ပို့ဆောင်လွှဲပြောင်းပြီးဖြစ်ကြောင်းနှင့် အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော HRB 500 အမျိုးအစား သံချောင်းလုံးများကို ဆက်လက်ပို့ဆောင်ပေးရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## FIFA Football for Schools (F4S) အစီအစဉ်အတွက် MoU လက်မှတ်ရေးထိုး

နေပြည်တော် အောက်တိုဘာ ၈

မြန်မာ့ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်ဖြစ်သည့် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများ ဘောလုံးအားကစားကို ပိုမိုကစားခွင့်ရရှိရန် အကောင်အထည်ဖော်သွားမည့် FIFA Football for Schools (F4S) အစီအစဉ်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)တို့ သဘောတူနားလည်မှုစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို အောက်တိုဘာ ၈ ရက်က Hotel Max Nay Pyi Taw ၌ ပြုလုပ်သည်။

အခမ်းအနားတွင် FIFA Football for Schools အစီအစဉ်နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးတို့က လမ်းညွှန်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က FIFA Football for Schools အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် Football for Schools (F4S) အစီအစဉ်အတွက်




အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ တာဝန်ရှိသူများက သဘောတူနားလည်မှုစာချုပ်လက်မှတ်ရေးထိုးခဲ့ပြီး စုပေါင်းအမှတ်တရဓာတ်ပုံ ရိုက်ကြသည်။

**သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MFF**

❍ စာမျက်နှာ ၁၈ မှ

၂။ လူမှုအသိုင်းအဝိုင်းဦးဆောင်ပံ့ပိုးမှု - နှစ်သိမ့်မှုနှင့် ဆွေးနွေးအကြံပေးလမ်းညွှန်မှုပေးရန် စေတနာ့ဝန်ထမ်းများအား စိတ်ပိုင်းဆိုင်ရာ ပထမဆုံးအကူအညီပေးရန် လေ့ကျင့်ခြင်း။

၃။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုသို့ ပေါင်းစည်းခြင်း - လေ့ကျင့်သင်ကြားထားသော ပညာရှင်များ တိုးချဲ့ခြင်းနှင့် စိတ်ကျန်းမာရေးကို ယေဘုယျကျန်းမာရေးဝန်ဆောင်မှုများနှင့် ချိတ်ဆက်ခြင်း။

၄။ လူငယ်နှင့်အဆင်ပြေသော ဝန်ဆောင်မှုများ - ဆယ်ကျော်သက်များအတွက် ပူးပေါင်းကူညီသူများအဖွဲ့များနှင့် လုံခြုံသောနေရာများကို ဖန်တီးပေးခြင်း။

၅။ အရှက်တကွဲအကျိုးနည်းဖြစ်စေမှု လျှော့ချခြင်း - စိတ်ကျန်းမာရေးဆွေးနွေးမှုများကို ပုံမှန်ဖြစ်စေရန် အများပြည်သူကို စည်းရုံးလှုံ့ဆော်မှုများ။

၆။ စောင့်ရှောက်သူများအား စောင့်ရှောက်ခြင်း - ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ပင်ပန်းနွမ်းနယ်မှုနှင့် စိတ်ဒဏ်ရာမှ ကာကွယ်မှုရရှိစေရန် သေချာစေခြင်း။

**လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် တာဝန်ဝတ္တရား အတူတကွ ထမ်းဆောင်ခြင်း**

၂၀၂၅ ခုနှစ် ကမ္ဘာ့စိတ်ကျန်းမာရေးနေ့တွင် စိတ်ကျန်းမာရေးသည် လူတိုင်း၏ တာဝန်ဝတ္တရားဖြစ်သည်ဟူသောအချက်ကို သတိရစေပါသည်။ အစိုးရများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျောင်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ လူ့အသိုင်းအဝိုင်းများနှင့် မိသားစုများသည် အတူတကွ လုပ်ဆောင်ရန် လိုအပ်ပါသည်-

- **အစိုးရ** - စိတ်ကျန်းမာရေးအတွက် ဘတ်ဂျက်ခွဲဝေမှုတိုးမြှင့်ခြင်း၊ အရေးပေါ်အစီအစဉ်အားလုံးတွင် MHPSS ကို ထည့်သွင်းခြင်း။
- **လူ့အသိုင်းအဝိုင်းများ** - မျှဝေရန် အရှက်တကွဲအကျိုးနည်းမှုကင်းသော လုံခြုံသည့်နေရာများ ဖန်တီးခြင်း။
- **လူငယ်များ** - အသံထွက်ပြောဆိုခြင်း၊ အချင်းချင်း ပံ့ပိုးကူညီခြင်းနှင့် တိတ်ဆိတ်မှုကို ချိုးဖျက်ခြင်း။
- **အပြည်ပြည်ဆိုင်ရာမိတ်ဖက်များ** - အရင်းအမြစ်များ၊ နည်းပညာဆိုင်ရာကျွမ်းကျင်မှုနှင့် စည်းရုံးလှုံ့ဆော်မှုများပေးခြင်း။

စိတ်ကျန်းမာရေးသည် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်တစ်ခုတည်းသာမက၊ လူမှုရေးနှင့် စီးပွားရေး ဦးစားပေးကိစ္စရပ်လည်း ဖြစ်ပါသည်။ စိတ်ဒဏ်ရာများ ကောင်းကောင်းကျက်သောအခါ လူ့အဖွဲ့အစည်းများ ပြန်လည်ထူထောင်နိုင်လာကြပါသည်။

**လူငယ်စိတ်ကျန်းမာ၊ အနာဂတ်ချမ်းသာ**

အရေးပေါ်အခြေအနေများသည် လူသားတို့၏ ဒဏ်ခံနိုင်မှုကို စမ်းသပ်သည်။ သို့သော် ၎င်းတို့သည် ပိုမိုအားကောင်းပြီး ပိုမိုကရုဏာရှိသောစနစ်များကို ပြန်လည်ထူထောင်ရန် အခွင့်အလမ်းကိုလည်း ပေးပါသည်။ မြန်မာနိုင်ငံအတွက် လူငယ်စိတ်ကျန်းမာရေးကို ကာကွယ်ခြင်းသည် ၎င်းတို့၏အနာဂတ်ကို စောင့်ရှောက်ရန်အတွက် အရေးကြီးပါသည်။ သို့ပါ၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့စိတ်ကျန်းမာရေးနေ့တွင် ပြည်သူ့အပေါင်းနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးတို့သည် စိတ်ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများ တိုးတက်မြင့်မားလာရေးအတွက် တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

**Reference**

၁။ Charlson F, et al. (2019). New WHO prevalence estimates of mental disorders in conflict settings: a systematic review and meta-analysis. *Lancet.*

၂။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO). (2025). *Mental health in emergencies. Fact Sheet.*

၃။ World Federation for Mental Health (WFMH). (2025). *WMHD 2025 Document: Access to Service: Mental Health in Catastrophes and Emergencies.*

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာ. (2016). *Myanmar Global School-based Student Health Survey (GSHS) Report.*

၅။ UNICEF. (2025). *Mental Health and Psychosocial Support in Emergencies.*

၆။ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးရုံး. (2024). *Global Humanitarian Overview 2025.*

၇။ London School of Hygiene & Tropical Medicine (LSHTM). (2025). *War, displacement and disaster: The mental health toll on girls in Myanmar.*

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ်၊ ကျောင်းအပ်ဆက်လက်လက်ခံ၊ ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၈

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)အား တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။


ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်လျက်ရှိသည်ကို တွေ့ရစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်မဲမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိကြောင်းနှင့် ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၈၃၆ ဦး ထပ်မံကျောင်းအပ်နှံခဲ့ပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၄၂ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၅ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာ နှစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရစဉ်။


ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၀ | ၂၉၄၀ | ၂၉၁၀ | ၂၈၄၀ | ၂၉၅၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၀၀ | ၄၅၀၅ | ၃၁၉၀ | ၂၉၃၅ | ၂၉၂၀ | ၂၉၈၅ | ၂၉၅၀ | ၂၉၇၅ | ၃၂၃၀ |
| 95 Ron | ၂၈၉၅ | ၃၀၁၀ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၅၀ | ၂၉၆၅ | ၄၅၆၀ | ၃၂၆၀ | ၂၉၈၅ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၃၀၀ |
| HSD (500 ppm) | ၂၅၅၅ | ၂၆၅၅ | ၂၆၂၅ | ၂၅၆၀ | ၂၆၆၅ | ၂၆၀၀ | ၂၆၈၅ | ၂၆၁၅ | - | ၂၉၁၀ | ၂၆၃၀ | ၂၆၃၅ | ၂၇၀၅ | ၂၆၇၀ | ၂၆၉၀ | ၂၉၅၅ |
| HSD (50 ppm) | ၃၁၁၅ | ၃၂၃၀ | ၃၁၉၅ | ၃၁၃၀ | ၃၂၃၅ | ၃၂၅၀ | ၃၂၆၅ | ၃၁၈၅ | ၄၈၃၀ | ၃၄၀၀ | ၃၂၀၀ | ၃၂၀၅ | ၃၂၇၅ | ၃၂၅၀ | ၃၂၆၀ | ၃၅၂၀ |
| HSD (10 ppm) | ၃၁၁၅ | ၃၂၃၀ | ၃၁၉၅ | ၃၁၃၀ | ၃၂၃၅ | ၃၂၅၀ | ၃၂၆၅ | ၃၁၈၅ | - | ၃၄၀၀ | ၃၂၀၀ | ၃၂၀၅ | ၃၂၇၅ | ၃၂၅၀ | ၃၂၆၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၄ | ၂၇၅၁ |
| 95 Ron | ၂၇၃၀ | ၂၈၁၀ |
| HSD (500 ppm) | ၂၁၀၀ | ၂၁၆၅ |
| HSD (50 ppm) | ၂၉၄၂ | ၃၀၃၀ |
| HSD (10 ppm) | ၂၉၄၂ | ၃၀၃၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ကိုယ်ကောင်း ခေါင်းမရှော့

ပီမိုးနင်း

သောကမရှိဘဲလျက် သောကအပူသည်ဖြစ်၍ နေသူတို့သည် လောကမှာအများပင်ရှိကြလေသည်။

အများအားဖြင့် ဤလိုသောကသည်တို့သည် မိန်းမများထဲ၌ ပိုမိုများပြားကြလေသည်။

“ဘယ်မောင်က မိမိကို စော်ကားတာကလား၊ မိဘလုပ်သူများက တရားမှ မတရားဘဲကိုး၊ ညီမများက ဘယ်လိုနှိပ်စက်တာကလား၊ ဆွေမျိုးသားချင်းဆိုရင်တန်ပါပြီ (ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရှော့ဘူး) သဘောကြီးကြီးထားပြီး ဘယ်လိုပြောပြော၊ ဘယ်လိုဆိုဆို၊ ထင်ချင်သလို ထင်ကြစေတော့ သည်းခံနိုင်သမျှတော့ သည်းခံတာပါပဲ။ မတတ်သာ ရေငုံနေမယ်၊ ပြန်လို့တော့မပြောဘူး၊ နောက်ဆုံးကျရင် ဘုရားသိမှာပဲ၊ ဘုရားသိကြား ရှင်ကြီးရှင်ကောင်းတို့ မြန်မြန်ကြီး ပြတော်မူကြပါဘုရား”ဟူ၍လည်းကောင်း။

“ကိုယ်က ကောင်းပါလျက်နဲ့ ကိုယ့်အပေါ်မှာမကောင်းကြတာ အမှန်ပါပဲ၊ ငါ့ကံဆိုးလေခြင်း၊ ငါ ရှေးကမကောင်းခဲ့လို့ ငါ့ဘဝကိုဆိုးခဲ့လို့ အခုဘဝမှာ သူတစ်ပါးပြောတာဆိုတာ တလွဲထင်တာခံရတာပဲ” ဟူ၍လည်းကောင်း ညည်းညူကာ ရင်ကိုထုကာ ကိုယ်က အငယ်ပါကလားဟဲ့။ သူတို့က အကြီးပါကလား၊ “ဆူးကျရင် ဖက်ပေါက်၊ ဖက်ကျရင်လည်း ဖက်ပေါက်”ဆိုတာလို ဖြစ်ချည်ရဲ့လို့ အောက်မေ့ပြီး ခေါင်းငုံ့ခံရတော့တာပဲ” စသည်ဖြင့် မျက်ရည်ကလေးလည်ကာ လည်ကာနှင့် လူကြုံတိုင်းပြောပြကာ သောကရုပ်ဆောင်သောမိန်းမတို့ရှိကြ၏။

၎င်းတို့အား “ညည်းပြောတာတွေ မဟုတ်ပါဘူးအေ၊ ညည်းစိတ်ထင်လို့ဖြစ်တာတွေပဲ” ဟု တစ်ယောက်ယောက်က ပြော၍ပြချေက ဤကဲ့သို့ပြောသောသူကို အံ့အားသင့်သော မျက်လုံးများနှင့် ကြည့်ကာ အထုပ်ကလေးကို ခေါင်းပေါ်၌တင်ကာ ထ၍သွားပြီး နောင်ထိုကဲ့သို့ တုံ့ပြန်၍ ပြောတတ်သူကို လမ်းမှာတွေ့လျှင်ပင် တော်ရာကရှောင်ရှား၍ သွားတတ်လေသည်။

အကြောင်းမူကား ဤလိုတုံ့ပြန်၍ ပြောတတ်သူသည် မိမိကို ဝိုင်း၍နှိပ်စက်ကြသူ၊ အများတို့နှင့် အလိုတူအလိုပါဖြစ်သူ၊ မိမိအပေါ်မှာ နည်းနည်းကလေးမှ အကြင်နာအသနားမရှိသူ၊ အလွန်ရက်စက်သူ၊ စိတ်ရင်းမကောင်းသူ၊ မြေနိမ့်ရာလှံစိုက်သူ၊ တစ်ဖက်သတ် မျက်နှာလိုက်သူ၊ သူတစ်ပါးစိတ်ဆင်းရဲသည်ကို မြင်ရမှ အိပ်ပျော်စားဝင်သူဟု စိတ်ချယုံကြည်ကာ နောင်ဘဝ ဘဝ၌ ကြက်ဖြစ်တောင် သည်လိုဟာမျိုးနဲ့ တစ်ကျင်းတည်းမပေါက်ပါရစေနှင့်ဟု ဆုတောင်းတတ်လေသည်။

ဤလို သောကသည်တို့သည် အမှန်အားဖြင့် မိမိတို့၏ စိတ်က မှတ်ထင်ပြီး မှတ်ထင်အားကြီးခြင်းကြောင့် မိမိတို့မှတ်ထင်သောအရာကို မိမိတို့ယုံကြည်ကာ ဆွေမျိုးသားခြင်းတို့ပြောသမျှ၊ လုပ်သမျှ၊ ကြံသမျှတွေကို တစ်ထောင့်ကနေ၍ လင်ကောင်ပိုးငှက်လို အကြောင်းသားကြည့်ကာ လုပ်သမျှ ကိုင်သမျှ၊ ပြောသမျှ ဆိုသမျှ၊ ကြံသမျှ စည်သမျှဟာ ငါ့ကို အရွဲ့တိုက်တာတွေပဲဟု အယူရှိကာ ဘယ်သူ့နှုတ်က ဘယ်အသံထွက်ရင်ဘယ်အကြံဆိုတာ ဒီမိန်းမက သိပြီးသားပါ၊ မသိဘူးလို့များ မထင်လိုက်ကြပါနဲ့၊ မပြောချင်လို့ ရေငုံနေတာ စသည်ဖြင့် မိမိကိုယ်ကို မိန်းမကြီးတစ်ယောက်အနေဖြင့် ပြောတတ်ကြလေသည်။

ဤလို မိန်းမမျိုးသည် မိမိနှင့် နီးစပ်သူတို့ကို အမြဲ မိမိက အထင်လွဲ၍ နေကြပြီး မိမိတို့က အထင်လွဲခံနေရသလိုအနေဖြင့် ပြောဆိုသူများ ဖြစ်ကြလေသည်။

သူတစ်ပါးလုပ်သမျှကို အမြဲဂရုစိုက်၍ နေမည်ဆိုလျှင် အထင်လွဲစရာအချက်တို့ကို အမြဲတွေ့နိုင်လေသည်။ အရှေ့ ခုနစ်အိမ်၊ အနောက် ခုနစ်အိမ်၊ တောင် ခုနစ်အိမ်၊ မြောက် ခုနစ်အိမ်နှင့် မသင့်သူ၌ မသင့်သူက ဆိုးသလား၊ ခုနစ်အိမ်က ဆိုးသလားဟူသောအမေးကို ဤလိုမိန်းမများသည် မိမိတို့ကိုယ်ကို မေးမြန်းကြဖို့ သင့်ကြလေသည်။

ဤကဲ့သို့သော သောကသည်တို့သည် အများအားဖြင့် ဆွေမျိုး ညာတိ ပေါက်ဖော်သားချင်းတို့ကို အမြဲအနှောင့်အယှက်ပေး၍ နေသူများဖြစ်ကြလေသည်။ ၎င်းတို့မှာ လောဘ၊ ဒေါသ၊ မောဟ၊ အားကြီးလှသဖြင့်လည်းကောင်း၊ မကောင်းဆိုးယုတ်သော စိတ်အလိုတို့ကို ဆွေမျိုးပေါက်ဖော်တို့က အမြဲဖြည့်၍မနေနိုင်၊ အမြဲမှုတ်၍မနေနိုင်၊ အမြဲမြှောက်ပင့်၍ မနေနိုင်ကြသောအခါ ဆွေမျိုးများကို လွန်စွာ ယုတ်မာဆိုးသွမ်းသည်ဟု မှတ်ထင်၍နေသူများ ဖြစ်ကြလေသည်။

ထိုမိန်းမမျိုး၏ စိတ်၌ ငါသာသိသည်၊ ငါသာတတ်သည်၊ ငါသာလိမ္မာသည်၊ ငါသာ သည်းညည်းခံတတ်သည်၊ ငါသာ တရားပြည့်သည်ဟု မှတ်ထင်ကာ စိပ်ပုတီးစိပ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ ကျောင်းကန်ဘုရားသွားခြင်းတို့၌ မလစ်မဟင်းဘဲ ဥပုသ်ဇရပ်၌ ကမ္ဘာလောကကြီး၌ ရှိသမျှသော လူသတ္တဝါတို့၏ ဆိုးယုတ်ခြင်းအကြောင်းကို ကြီးစွာသော ကရုဏာနှင့် ဝမ်းနည်းပက်လက် ပြောတတ်ကြလေသည်။

ဤသို့ပြောခိုက်မှာ ကိုင်း ကိုင်း သီလခံကြရအောင်၊ ညည်းတို့ ဘာအတင်းတွေပြောနေကြသလဲဟု တစ်ယောက်ယောက်က ပြောသည့်အခါ အတင်းပြောတာမဟုတ်ပါဘူးတော်၊ ဟုတ်တာ ပြောတာပါဟု ပြောပြီးသောစကားများကို အခိုင်အမာအတည်ဖြစ်အောင် နိဂုံးချုပ်တတ်ကြလေသည်။

ဤလိုသောကသည်တို့မှာ သောကကြောင့် စိတ်အားသတ္တိ ညှိုးနွမ်းပြီး တကယ့်သောကနည်းနည်းမှာ မိမိ၏စိတ်က ဖန်တီးသော သောကတွေက ဝေမှောင်ပြီး စိတ်ဆင်းရဲရာမှ ကိုယ်ဆင်းရဲသဖြင့် ကျန်းမာခြင်းကို ထိခိုက်ပြီး ငြိုငြင်ဆင်းရဲသောဘဝကို မြန်မြန် အဆုံးသတ်တတ်ကြလေသည်။

ထိုစိတ်ရောဂါကြီးကို နိုင်ရန် ကုဖို့ဆေးသည်ကား အခြားမဟုတ်၊ မည်သူက ငါ့ကို ဘယ်လိုထင်တာပဲ၊ ဘယ်လိုပြောတာပဲ စသည့် အတွေးတို့ကို စိတ်ထဲ၌ ဘယ်အခါမှ မပေါ်သာစေဘဲ သူတစ်ပါး၏ အလုပ်ဟူသမျှ၌ အနက်အဓိပ္ပာယ်ပြန်ခြင်းကိုမပြု လျစ်လျူရှုခြင်း ဖြစ်လေသည်။ ထိုအခါ “ကိုယ်ကောင်းလျှင် ခေါင်းမရှော့” ဟူသော စကားနှင့် ညီညွတ်စွာ အေးချမ်းသာယာခြင်း စိတ်၏အခြေအနေကို ရရှိခံစားရမည်ဟု စိတ်ချယုံကြည်အပ်ပေကြောင်း။ ။

ဗန္ဓုလ၊ ၂၇ ရက်၊ ဧပြီလ၊ ၁၉၂၇ ခုနှစ်။

# တွေ့တွေ့ချင်း သဘောကျစေလိုလျှင်...

ခင်မောင်ညို (ဘောဂဗေဒ)

(၆-၁၀-၂၀၁၅ ရက်နေ့မှအဆက်)

“ကျွန်တော်က “မင်းကို ပြောတာပေါ့၊ မင်း အဲသလောက်ကို တော်ပါတယ်”လို့ ပြန်ပြောလိုက်တယ်။ သူဝမ်းသာပုံကိုကြည့်ပြီး ကျွန်တော်လည်း ဝမ်းသာလွန်းလို့ မျက်ရည်မကျအောင် မနည်းထိန်းထားရတယ်။

“အဲဒီနေ့က အခန်းထဲကနေ သူ့အထွက်မှာ မတ်မတ်ကြီးဖြစ်နေလို့ အရပ်တောင် နှစ်လက်မလောက် ပိုရှည်လာတယ်ထင်ရတယ်။ သူ့မျက်လုံးတွေကလည်း အရောင်တွေထွက်နေပြီး “ကျေးဇူးတင်ပါတယ်၊ မစ္စတာရိုလင်”လို့ ပြောသွားတယ်။

“ခုရစ်က ကျွန်တော် ဘယ်တော့မှ မေ့မရနိုင်မယ့် သင်ခန်းစာတစ်ခုကို ပေးသွားတယ်။ အဲဒါက ကျွန်တော်တို့အားလုံးဟာ ကြီးကျယ်တဲ့သူ၊ အရေးပါတဲ့သူ ဖြစ်ချင်တယ်ဆိုတာပဲ။ ဒီအကြောင်းကို ကျွန်တော် မေ့သွားမှာစိုးလို့ “သင်သည် အရေးပါသော လူတစ်ယောက် ဖြစ်သည်”ဆိုတဲ့ စာတန်းရေးထားပြီး အခန်းရှေ့မှာ အားလုံးမြင်အောင် ချိတ်ထားတယ်။ ကျွန်တော်တွေ့ကြုံဆက်ဆံရတဲ့ သင်တန်းသားအားလုံးဟာ အရေးပါတဲ့သူတွေချည်းဖြစ်ကြောင်း ကျွန်တော့်ကို အမြဲတမ်းသင်ပေးနေသလိုလည်း ဖြစ်သွားတယ်”

**သင်နှင့် တွေ့သမျှ လူတိုင်းက သူတို့ကိုယ်သူတို့ သင့်ထက် တစ်နည်းနည်းနှင့် တစ်ဖက်ဖက်တွင် သာသည်ဟု ယူဆတတ်ကြသည်။ သူတို့၏ အရေးပါ အရာရောက်လိုမှုကို သိမ်သိမ်မွေ့မွေ့ ရိုးရိုးသားသား အသိအမှတ်ပြုခြင်းဖြင့် မိမိ၏ အလိုဆန္ဒပြည့်ဝစေရန် ဆောင်ရွက်နိုင်သည်။**

**သင်နှင့် တွေ့သမျှ လူတိုင်းက သူတို့ကိုယ်သူတို့ သင့်ထက် တစ်နည်းနည်းနှင့် တစ်ဖက်ဖက်တွင်သာသည်ဟု ယူဆတတ်ကြသည်။ သူတို့၏ အရေးပါအရာရောက်လိုမှုကို သိမ်သိမ်မွေ့မွေ့ ရိုးရိုးသားသား အသိအမှတ်ပြုခြင်းဖြင့် မိမိ၏ အလိုဆန္ဒပြည့်ဝစေရန် ဆောင်ရွက်နိုင်**

ထို့ကြောင့် အီမာဆင်က “ကျွန်ုပ်တွေ့သမျှ လူတိုင်းသည် တစ်ဖက်ဖက်၌ ကျွန်ုပ်ထက်သာသည်။ ဤသို့ သဘောထားခြင်းဖြင့် သူ့အကြောင်းကို ကျွန်ုပ်သိရသည်”ဟု ပြောခဲ့သည်ကို မမေ့ပါနှင့်။

သို့သော် တကယ်တမ်း၌ နည်းနည်းမျှ အရေးပါအရာရောက်စရာအကြောင်း လုံးဝမရှိသောသူများက မာနတွေကြီးနေတတ်ကြသည်မှာ ရွံစရာကောင်းလှသည်။ ရှိတ်စပီးယားက ထိုသူတို့အကြောင်းကို “လုပ်ပိုင်ခွင့် တစ်ပြားဖိုးမျှရသည်နှင့် နတ်ပြည်က နတ်သမီးတွေကို ငိုကြွေးအောင် လုပ်နိုင်သယောင် ဘဝင်မြင့်နေသူများ”ဟု ရေးဖွဲ့ခဲ့သည်။

ကျွန်တော်၏ သင်တန်းသား စီးပွားရေးလုပ်ငန်းရှင်များ ဤသဘောတရားကို အသုံးပြု၍ အောင်မြင်ခဲ့ပုံကို ဆက်လက်ဖော်ပြပါမည်။

ပထမဦးစွာ ကွန်နက်တီးကပ်က ရှေ့နေကြီး မစ္စတာအာရ်အကြောင်းကို ကြည့်ကြပါမည်။ သူ့ဆွေမျိုးများ၏ရန်ကြောင့် သူက သူ့အမည်အပြည့်အစုံကို ဖော်ပြခြင်းမပြုစေလိုပါ။

ကျွန်တော်၏သင်တန်းသို့ လာတက်ပြီး ရက်မကြာမီ၌ပင် တစ်ရက်တွင် ရှေ့နေကြီးသည် သူ၏ ဇနီးသည်နှင့်အတူ ဇနီးသည်၏ ဆွေမျိုးများရှိရာ လောင်းအိုင်လန်သို့ သွားလည်ကြသည်။ ဇနီးသည်က သူ့ကို အဒေါ်တစ်ယောက်နှင့် ထားပစ်ခဲ့ပြီး အခြား ငယ်ရွယ်သည့် ဆွေမျိုးသားချင်းများနှင့် သွားတွေ့သည်။ သူ့အနေဖြင့် မကြာမီရက်များအတွင်း ချီးကျူးမှု၏ အကျိုးကျေးဇူးအကြောင်းကို ဟောပြောဖို့ကလည်းရှိသည်။ ဟောပြောရန်အတွက် ဘာမျှလည်း မစီစဉ်ရသေး။ အဒေါ်နှင့် စကားပြောကြည့်ကာ အတွေ့အကြုံယူမည်ဟု သူက ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် အိမ်ကိုလှည့်ပတ်ကြည့်ပြီး ချီးကျူးစရာ တစ်ခုခု တွေ့လိုတွေ့ငြား လိုက်ရှာသည်။

“ဒီအိမ်ဟာ ၁၈၉၀ ပြည့်နှစ်လောက်က ဆောက်တာ မဟုတ်လား”

“ဟုတ်တယ်။ အဲဒီနှစ်က ဆောက်တာပဲ”

“ဒီအိမ်ကို တွေ့ရတော့ ကျွန်တော်ငယ်ငယ်က နေခဲ့ရတဲ့အိမ်ကို သိပ်သတိရတာပဲ။ လှလည်း လှတယ်၊ ကြီးလည်းကြီးတယ်၊ အခန်းတွေလည်း များတယ်။ ဒီခေတ်မှာတော့ အဲသလိုအိမ်တွေကို မဆောက်ကြတော့ဘူး”

“မင်းပြောတာ မှန်သကွယ့်။ ဒီခေတ်လူငယ်တွေဟာ လှပတဲ့အိမ်တွေကို ဂရုတစိုက် ဆောက်ရနေရမှန်း မသိကြတော့ဘူး။ သူတို့ကအခန်းကျဉ်းကျဉ်းလေးတွေကိုပဲ လိုချင်ကြတယ်။ ပြီးတော့ အိမ်မကပ်ဘဲ လျှောက်သွားနေကြတော့တယ်”

အဒေါ်ကြီးက လွမ်းဆွတ်တသစွာ ပြန်ပြောင်းပြောပြသည်။ “တကယ်တော့ ဒီအိမ်ကို တို့စိတ်ကူးအတိုင်း ဆောက်ထားတာ။ ပြီးတော့ မေတ္တာနဲ့ တည်ဆောက်တာ။ ဒီအိမ်မဆောက်ခင် တစ်နှစ်လောက်ကို လင်မယားနှစ်ယောက် စိတ်ကူးယဉ်ခဲ့ကြတာ။ ဗိသုကာမပါဘဲ ကိုယ့်စိတ်ကူးနဲ့ကိုယ် ပုံထုတ်ခဲ့ကြတာ”။ သူမက မစ္စတာအာရ်ကို ခေါ်ပြီး အိမ်အနှံ့လိုက်ပြသည်။ တစ်သက်လုံး ခရီးထွက်ပြီး ရှာဖွေစုဆောင်းလာသမျှ အဖိုးထိုက် အဖိုးတန် အသုံးအဆောင်တွေ၊ လှလှပပပစ္စည်းတွေကိုပြသည်။

ထိုပစ္စည်းတွေကို တွေ့ရသည့်အခါ သူကလည်း လိုက်လိုက်လှဲလှဲ ချီးကျူးသည်။ ပေစလီ ရှာစောင်များ၊ အင်္ဂလိပ် လက်ဖက်ရည်ပန်းကန်စုံ၊ ဝက်ချ်ဝုဒ်ကြွေထည်၊ ပြင်သစ်အိပ်ရာနှင့် ကုလားထိုင်များ၊ အီတလီပန်းချီကားများ၊ ပိုးသားခန်းဆီးများအားလုံးကို လိုက်ကြည့်ချီးကျူးသည်။ အိမ်ပေါ်မှာ အနှံ့ပြပြီးနောက် ကားရုံထဲကို ခေါ်သွားသည်။ ကားရုံထဲ၌ ကားဟောင်းကြီးတစ်စီးကို အသစ်စက်စက်နီးပါး တွေ့ရသည်။

“ငါ့ယောက်ျား မသေခင်လေးက ဒီကားကို ငါ့အတွက် ဝယ်ပေးသွားတာ။ သူသေကတည်းက ငါလည်း တစ်ခါမျှထုတ်မစီးတော့ပါဘူး။ မင်းဟာ အလှအပတွေ အကောင်းအမွန်တွေကို သဘောကျတတ်၊ တန်ဖိုးထားတတ်တယ်။ ဒါ့ကြောင့် မင်းကို ဒီကားပေးမယ်”

“မလုပ်ပါနဲ့ အန်တီရယ်၊ အန်တီရဲ့စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမဲ့ ဒီကားကြီးတွေ မယူပါရစေနဲ့။ ကျွန်တော့်မှာ ကားအသစ်ကလေး တစ်စီးလည်း ရှိပါတယ်။ ကျွန်တော်နဲ့ အန်တီနဲ့က ဆွေမျိုးလည်း မတော်ကြဘူး။ အန်တီမှာ ဆွေတွေမျိုးတွေလည်းရှိသေးတယ် မဟုတ်လား”

“ဆွေမျိုးတွေ ဟုတ်လား၊ ဟုတ်တာပေါ့။ ငါသေရင် ကားစီးရမယ်ဆိုပြီး စောင့်နေတဲ့ဆွေမျိုးတွေ ရှိတယ်။ ဒါပေမဲ့ သူတို့ကို ငါ့ကားမပေးနိုင်ပါဘူး”

“သူတို့မပေးချင်ရင်လည်း ကားအဟောင်း ရောင်းတဲ့သူကို ရောင်းနိုင်သားပဲ”

“အလိုတော် ရောင်းရမယ်။ ဒီကားကို ငါက ရောင်းမယ်လို့ မင်းထင်သလား။ ငါ့ယောက်ျားက ငါ့အတွက် ပေးတဲ့ကား၊ လူစိမ်းသူစိမ်းတွေ ခေါက်တုံ့ခေါက်ပြန်စီးနေတာကို ငါကြည့်ရက်မယ်ထင်သလား။ တစ်ခါမျှတောင် စိတ်မကူးဖူးပါဘူး။ ငါ မင်းကိုပဲပေးမယ်၊ မင်းက ဒါမျိုးလေးတွေကို တန်ဖိုးထားတတ်တယ်”

ထိုကားကိုမပေးဖို့ အတန်တန် ကြိုးစားသော်လည်း မရတော့ပေ။ (ဆက်လက်ဖော်ပြပါမည်)

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးရပ်ကွက်၊ ကန်/တောင်၊ (၉၁)လမ်း၊ တိုက်အမှတ်(၄၄) B/5 လွှာ(ယာဘက်ခြမ်း)၊ အကျယ်အဝန်း(၁၂ ၁/၂ ပေx၅၀ပေ)ခန့်ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ပိုင်ရှင်ဖြစ်သူ ဦးထွန်းအေး[၁၂/မဂတ(နိုင်)၀၂၉၁၃၇]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် အထက်ပါရောင်းချမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ယနေ့**ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အထက်ပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မိုးရွှေ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ - ၅၀၉၄၄၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၊ ကျောင်းကုန်းကျေးရွာ(န)ရပ်ကွက်၊ အမှတ်-၂၀၇(က)အကျယ်အဝန်း-(၂၀ပေx၆၀ပေ)ရှိ(ပါမစ်အမျိုးအစား)မြေအပါအဝင် ယင်းမြေပေါ်ရှိ ၂-ထပ်အဆောက်အဦအား အရောင်းအဝယ်ဆက်စပ်စာချုပ်များအရ တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်စီမံခန့်ခွဲရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးရွှေ[၁၂/မဘန(နိုင်)၀၄၁၁၀၈]မှ အပြီးအပိုင်ရောင်း ချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဟန်ဝဏ္ဏထွန်း[၁၂/တမန(နိုင်)၀၉၅၇၄၈]နှင့် ဦးလှိုင်မြင့်[၁၂/မရက(နိုင်)၁၅၆၃၅၆]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်စိုး(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၁၈)**
**တိုက်-၁၊ ဒုတိယအလွှာ၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၀၄၀၆၁၃၊ ၀၉-၇၄၀၀၂၈၁၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်အမှတ်(၃၄-ခ)၊ ၅၂x၅၃ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်အေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၂၈၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အောင်မေရီ [၉/ခအဇ(နိုင်)၀၁၁၆၆၁]၊ ဦးဝေလင်းအောင် [၉/ခအဇ(နိုင်)၀၁၀၈၃၅]၊ ဦးအောင်ကိုလင်း [၉/ခအဇ(နိုင်)၀၁၀၈၃၆]တို့က အမှုတွဲအမှတ်(၂၈၇၇/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်(မ-၂၃)၊ ဦးပိုင်အမှတ်(၂-စ)၊ ၆၆ လမ်း၊ ၁၀၁x၁၀၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးဆွေ [၁၃/လရန(နိုင်)၀၅၇၂၇၀]က အမှုတွဲအမှတ်(၂၈၆၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ ရပ်ကွက်၊ အကွက်အမှတ်(ခ-၃)၊ ဦးပိုင်အမှတ်-၁၉(ခဲစင်း)၊ ၆၅x၆၆ ကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သောင်းရီ [၉/မရတ(နိုင်)၀၈၉၄၈၃]၏ (SP ရရှိသူ ဦးအောင်နိုင်လွင်)က အမှုတွဲအမှတ်(၂၈၅၇/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ ရပ်ကွက်၊ အကွက်အမှတ်(ခ-၃)၊ ဦးပိုင်အမှတ်-၁၉(ခဲစင်း)၊ ၆၅x၆၆ ကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သောင်းရီ [၉/မရတ(နိုင်)၀၈၉၄၈၃]၏ (SP ရရှိသူ ဦးအောင်နိုင်လွင်)က အမှုတွဲအမှတ်(၂၈၅၆/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာလမ်း-၂၀(အရှေ့)၊ အမှတ်-၄၃၉/က ဟုခေါ်တွင်သော သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်-၂/မြောက်၊ မြေကွက်အမှတ်-၄၃၉/က၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးတွတ်နီ[၁၂/သကတ(နိုင်)၁၀၆၀၇၉] အမည်ပေါက်ပိုင်ဆိုင်ပြီး အဆိုပါမြေနှင့်အိမ်အား(၅-၁၀-၂၀၂၅)ရက်စွဲပါ "မိသားစုစီမံမှုသဘောတူကတိစာချုပ်"အရ ဦးတွတ်နီမှ သား၊သမီး(၅)ဦးဖြစ်သော ၁။ဒေါ်တင်တင်မြင့်[၁၂/သကတ(နိုင်)၀၆၇၅၃၆]၊ ၂။ဒေါ်ခင်အေး[၁၃/တကန(နိုင်)၀၀၇၇၀၉]၊ ၃။ ဒေါ်အောင်ကြည်[၁၂/သကတ(နိုင်)၀၆၅၀၃၇]၊ ၄။ဒေါ်အေးအေးစိုး[၁၂/သကတ(နိုင်)၁၀၆၀၁၈]၊ ၅။ဒေါ်သွယ်သွယ်ဆွေ[၁၂/သကတ(နိုင်)၁၇၇၈၉၀]တို့အား အမွေဝေစုအဖြစ် အညီအမျှခွဲဝေပေးပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းသီတာဖြိုး ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၂၀)**
**အမှတ်-၂၄၅၊ အခန်း-1/C၊ ဗိုလ်မင်းရောင်လမ်း၊ ကန်/တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၅၉၂၆၀၂၇၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ အမှတ်(၃၂၀)ဟု ခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၂၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးညိမ်းမြင့်[၁၄/ဖပန(နိုင်)၀၄၇၆၂၄]နှင့် ဒေါ်မိမိကြိုင်[၁၄/အမတ(နိုင်)၀၅၃၁၆၁]တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးစရန်ငွေအချို့ ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝဏ္ဏစည်သူမိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၅၈)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၄၄၂၀၁၇၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်-(၄၁၄-က)၊ ဦးပိုင်အမှတ်-(၁-မ)၊ ၆၀လမ်း၊ ၂၅x၂၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချိုချိုအောင်၊ ဒေါ်ချိုချိုလွင်၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်ချိုချိုဝင်း၊ ဒေါ်သန္တာဝင်းတို့၏ (GPရရှိသူ ဦးကြည်သိန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၄၂/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်သိန်း[၉/မနမ(နိုင်)၀၇၆၉၅၉]က အမှုတွဲအမှတ်(၂၈၇၉/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်-(မ-၄၁)၊ ဦးပိုင်အမှတ်-(၄၀)၊ ၄၁(B)လမ်း၊ ၅၁x၅၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကေသွယ် [၁၂/လကန(နိုင်)၀၂၉၇၇၇]က အမှုတွဲအမှတ်(၂၈၆၁/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်-(မ-၄၁)၊ ဦးပိုင်အမှတ်-(၄၁)၊ ၄၁(B)လမ်း၊ ၅၁x၅၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကေသွယ် [၁၂/လကန(နိုင်)၀၂၉၇၇၇]က အမှုတွဲအမှတ်(၂၈၆၂/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ဇ)၊ ဦးပိုင်အမှတ်(၄၁)၊ ၁၀၂(A) လမ်းနှင့် ၇၁(A) လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးအိုက်မောင် [၉/မနတ(နိုင်)၀၅၄၂၄၆]၊ ဒေါ်အေးတင် [၁၃/မဆတ(နိုင်)၀၀၂၂၆၉]တို့က အမှုတွဲအမှတ်(၂၈၅၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အ.ထ.က၊ တာ၁၀ ရေတံခါးကျောင်းမှ အထက်တန်းကျောင်းအုပ်ဒေါ်ချောပပကြွယ်၏ ဖခင်အမည် ဦးအုန်းကြွယ် (ခ) ဦးအုံးကြွယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအုန်းကြွယ် (ခ) ဦးအုံးကြွယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇ-ရပ်ကွက်၊ အကွက်အမှတ်- နန-၁၆၊ ဦးပိုင်အမှတ်-၆၀၊ ၆၁ အေ လမ်းနှင့် ၁၃၃ လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ပွဲ[၁၃/မဘန(နိုင်)၀၀၂၅၆၈] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်-(၈၁၅)၊ ဦးပိုင်အမှတ်-(၁၃-စ)၊ ၂၉ လမ်း၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးလှဟန်(ခ)အောင်ထပ် [၉/မရမ(နိုင်)၀၄၈၁၂၇]၊ ဒေါ်ခင်သိန်းဝင်း [၉/မရမ(နိုင်)၀၄၈၁၂၈]တို့က အမှုတွဲအမှတ်(၂၈၅၂/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်-(ဒ-၃)၊ ဦးပိုင်အမှတ်-(၁၁၃)၊ ၆၃(A) လမ်း၊ ၃၆x၃၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်မိုးနိုင်၏ (GP ရရှိသူ ဦးဟန်မင်းသန့်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၉၅၉/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးလွင်မင်းသန့် [၉/မကန(ပြု)၀၀၀၇၄၃]က အမှုတွဲအမှတ် (၂၈၆၃/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်-B(ဘီ)၊ ဦးပိုင်အမှတ်(၄၂-က)၊ ၆၅(B)လမ်း၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှပိုင်၏ (SP ရရှိသူ ဦးကြည်သိန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၄၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်သိန်း [၉/မနမ(နိုင်)၀၇၆၉၅၉]က အမှုတွဲအမှတ်(၂၈၇၈/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ရွက်လှလမ်း၊ အမှတ်-၄၂၇ နေ အဖ(ဦးမောင်မောင်လွင်)+အမိဒေါ်အေးအေးခိုင်(ခ)မိခိုင်တို့၏သားကြီး မောင်ဟိန်းထက်အောင် [၁၂/အစန(နိုင်)၂၂၃၆၁]သည် မိဘ၏ ပြောစကားကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့သဖြင့် ၇-၁၀-၂၀၂၅ ရက်နေ့မှစ၍ သားကြီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ မောင်ဟိန်းထက်အောင်နှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**မိခင်**
**ဒေါ်အေးအေးခိုင်(ခ)မိခိုင်**
**[၁၂/ စခန(နိုင်)၀၆၅၀၆၂]**

## ဒေါ်စန်းသီတာ [၁၀/ပမန(နိုင်)၂၂၇၉၃၃]နှင့် အများသိစေရန်

ကျွန်တော် ဦးသန်းမင်းနိုင် [၁၂/မဂတ(နိုင်)၀၈၂၅၇၀] အမှတ်(၂၀)၊ (၈၇)လမ်း၊ (၄)လွှာ၊ ကန်နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူနှင့် ဒေါ်စန်းသီတာ (ဘ) ဦးသန်းဦး မှတ်ပုံတင်အမှတ်[၁၀/ပမန(နိုင်)၂၂၇၉၃၃]တို့သည် (၅-၅-၂၀၀၈)ရက်နေ့တွင် အိမ်ထောင်ပြုခဲ့ပြီး သားသမီး(၃)ဦးထွန်းကားကာ (၁၇)နှစ်ကြာ ကျွန်ုပ်၏အိမ်တွင် အတူပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါ ကျွန်တော့်ဇနီး ဒေါ်စန်းသီတာသည် လွန်ခဲ့သည့် (၄)လခန့်မှစတင်ကာ ၎င်း၏ဖိုးလေးရှိရာ မလေးရှားနိုင်ငံသို့ အလည်သွားမည်ဟု မရမက အတင်းတောင်းဆိုကာ ကျွန်တော်နှင့် ကလေး(၃)ဦးအား ထားရစ်ခဲ့၍ (၂၃-၇-၂၀၂၅)ရက်နေ့တွင် မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ပါသည်။ ထိုသို့ထွက်သွားသည့်အချိန်မှစတင်ကာ အဆက်အသွယ်ပြုလုပ်ခြင်း လုံးဝမရှိတော့ဘဲနေခဲ့ရာမှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ လဆန်းတွင် ကျွန်ုပ်၏မိတ်ဆွေများမှတစ်ဆင့် ကျွန်တော်၏ဇနီး ဒေါ်စန်းသီတာသည် အခြားအမျိုးသားတစ်ဦးနှင့် မလေးရှားတွင် အတူနေထိုင်နေသည်ဟု သတင်းပေးလာခဲ့ခြင်းအပေါ် ကျွန်တော်မှ သေချာစုံစမ်းခဲ့သည့်အချိန်တွင်လည်း ၎င်း၏လူမှုကွန်ရက်များတွင် အမှန်တကယ်ဖြစ်နေကြောင်း အထောက်အထားများ စိတ်မကောင်းစွာ သိရှိခဲ့ရပါသည်။ ဇနီးစန်းသီတာမှ ထိုကဲ့သို့ကိစ္စရပ်များ ပြုမူဆောင်ရွက်ခဲ့ခြင်းသည် ကျွန်တော်နှင့် သားသမီး(၃)ဦး၏ ဂုဏ်သိက္ခာကို များစွာထိခိုက်လာပါသဖြင့် ၎င်းတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ ကျွန်တော်နှင့်သားသမီး(၃)ဦးအား လုံးဝငဲ့ညှာမှုမရှိဘဲ ထိုသို့ပြုလုပ်ခဲ့သူ၊ ကျွန်ုပ်၏ဂုဏ်သိက္ခာကို လူပုံအလယ်တွင် ညှိုးနွမ်းအောင်ဆောင်ရွက်ခဲ့သူ ကျွန်တော့်ဇနီး စန်းသီတာနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဒေါ်စန်းသီတာနှင့် အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**ဦးသန်းမင်းနိုင် [၁၂/မဂတ(နိုင်)၀၈၂၅၇၀]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ်-(လလ-၉၃ )၊ ဦးပိုင်အမှတ်-(၃၈)ခဲစင်း၊ ၄၉ x ၅၀ ကြား၊ ရွှေလုံဗိုလ်လမ်း x ပန်းဘဲမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နုရီ[၉/မနတ(နိုင်)၀၆၄၆၇၅]က အမှုတွဲအမှတ် (၂၂၁၃/၂၀၂၃-၂၀၂၄)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ်-(လလ-၉၃ )၊ ဦးပိုင်အမှတ်- (၃၈)ခဲစင်း၊ ၄၉ x ၅၀ ကြား၊ ရွှေလုံဗိုလ်လမ်းx ပန်းဘဲမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နုရီ[၉/မနတ(နိုင်)၀၆၄၆၇၅]က အမှုတွဲအမှတ်(၂၂၁၄/၂၀၂၃-၂၀၂၄)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ်-(ထထ-၁၀)၊ ဦးပိုင်အမှတ်- ၂(ခဲစင်း)၊ ၁၂၆ x ၁၂၇ ကြား၊ ၅၇x ၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျန်းချောက်ကန်း[၁၃/လလန(နိုင်)၀၄၁၅၇၉]က အမှုတွဲအမှတ်(၂၈၅၈/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ မိုးစန္ဒာ(၄)လမ်း၊ အမှတ်(၆၇၀)နေ ဦးနိုင်လင်း၏ သား ဦးကျော်သူရ [၁၄/ညတန(နိုင်)၂၂၇၀၁၅]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ မိုးစန္ဒာ(၆)လမ်း၊ အမှတ်(၇၈၄/က)နေ ဦးညွန့်ဝေ၏ သမီးဒေါ်ဖြိုးဝေသော် [၁၂/ဒဂတ(နိုင်)၀၉၁၁၃၃]တို့သည် (၂၇-၆-၂၀၂၄) ရက်နေ့တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပြီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးဝေသော်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သီရိထွန်း (LL.B, Dip in IT)**
**အထက်တန်းရှေ့နေ (စဉ်– ၃၅၂၇၁)**
**ဖုန်း– ၀၉–၄၄၈၀၄၇၀၉၇**

## "ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ အနော်မာ(၂)လမ်း၊ မြေကွက်အမှတ်(၅၇/က)၊ ဒေါ်စန်းစန်းဦး အမည်ဖြင့် မှတ်သားတည်ရှိသည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း (၆)ထပ်တိုက်အဆောက်အဦ၏ စတုတ္ထထပ် (၅)လွှာ၊ အကျယ်အဝန်း(၁၈)ပေx(၅၄)ပေရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

အထက်ပါ တိုက်ခန်းသည် ဒေါ်စန်းစန်းဦး [၁၂/ဥကတ(နိုင်)၀၆၅၂၇] ကိုင်ဆောင်ထားသူက တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အမွေဆိုင်၊ အပေါင်အနှံမှစ၍ အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြူကြူသန်း[၁၂/ဥကတ(နိုင်)၁၁၉၇၇၀] ကိုင်ဆောင်ထားသူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် (၃-၁၀-၂၀၂၅) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်စမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၉၀၂၂)**
**အမှတ်(၉/၁၁)၊ ၀၀၄–မြေညီထပ်၊ ၃၆–လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၂၀၂၃၅၆၆၈**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃ )
## သန်လျင်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၂၄

**ကွယ်လွန်သူ ဒေါ်ကုလားမ ကျန်ရစ်သောပစ္စည်းအကြောင်း။**

**ဦးကျော်စိုး** -------- **လျှောက်ထားသူ**

နှင့်

**ဒေါ်စန်းဝင်း ပါ ၅** -------- **လျှောက်ထားခံရသူများ**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ သိုက်တူးကန်ကျေးရွာနေ ဦးကျော်စိုးက ကွယ်လွန်သူ ဒေါ်ကုလားမ၏ သားဖြစ်သည်ဟူ၍ သုံးခွမြို့နယ်၊ သိုက်တူးကန်ကျေးရွာနေ ကွယ်လွန်သူ ဒေါ်ကုလားမ၏ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်၊ ပေးရန်ရှိသော ကြွေးမြီများကို ကောက်ခံ၊ ပေးဆပ်ရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်ကုလားမ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်၊ ပေးရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးကျော်စိုး၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ( ၈)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စာမြတ်နှယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**သန်လျင်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/တောင်) ရပ်ကွက်၊ ရန်ပြေ (၅) လမ်း (အနောက်)၊ အမှတ် (၁၀၆၇) ( ၄ လွှာ) တိုက်ခန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ကနောင်စု၊ မြို့ပတ်လမ်း၊ အမှတ် (၃၅၉) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၀ ပေ × ပေ ၄၀) ရှိ မြေကွက်နှင့် 9H/ 1026, Nissan March (အစိမ်းရောင်) မော်တော်ယာဉ်တို့မှာ (၂၇-၆- ၂၀၂၅) နေ့ကကွယ်လွန်ခဲ့သော ဦးဇော်မျိုးသန့် (ခ) စရိဝရ် ဟုစိန် (၁၂/သကတ (နိုင်) ၂၀၇၁၁၅) ၏ ကျန်ရစ်အမွေပစ္စည်းများဖြစ်ပါသည်။

အထက်ပါအမွေပစ္စည်းများမှာ အစ္စလာမ်တရားဥပဒေ (မဟာမေဒင်ဥပဒေ) အရ ကွယ်လွန်သူဦးဇော်မျိုးသန့် (ခ) စရိဝရ် ဟုစိန်၏ မိဘရင်းချာနှစ်ပါးဖြစ်သော ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးဇော်ဝင်း (၁၂/သကတ (နိုင်) ၁၃၆၂၇၈) နှင့် ဒေါ်ကြူကြူမာ (၁၂/ပဇတ(နိုင်) ၀၂၃၆၃၃) တို့လည်း ပူးတွဲအမွေဆက်ခံပိုင်ဆိုင်သဖြင့် အထက်ပါအမွေပစ္စည်းများအား ဦးဇော်ဝင်းနှင့် ဒေါ်ကြူကြူမာတို့၏သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ နေထိုင်ခွင့်ပေးခြင်း၊ အမည်ပြောင်းခြင်းများပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ဝင်းနှင့် ဒေါ်ကြူကြူမာတို့၏လွှဲအပ်ချက်အရ -
**ဦးစင်မောင်ကျော်** (LL. B)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၉၀၆၇)
အမှတ် (၄၉) နတ်စင်လမ်း၊ (က) ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
09 78 300 2014

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၂၉၂) ဦးစိုးမိုးဝင်း [၁၂/သဃက(နိုင်)၀၀၁၅၉၄]၊ ဒေါ်တင်တင်ဝင်း [၁၂/သဃက(နိုင်)၀၅၀၇၃၂]၊ ဒေါ်သန်းညွန့်[၁၂/သဃက(နိုင်)၀၄၇၃၆၂] (၃)ဦးအမည်ပေါက် နှစ်(၆၀) ဂရန် (အလျား ၂၅ပေx အနံ ၅၀ပေ) မြေကွက်ပေါ်တွင် (အလျား ၁၂ပေခွဲx အနံ ၅၀ပေ) ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃)ထပ်တိုက်ခန်း၏ ဒုတိယထပ်(ဘယ်)တစ်ခန်း၊ ရေ၊ လျှပ်စစ်မီတာပါဝင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ညိုညိုဝင်း [၁၂/သဃက(နိုင်)၀၃၉၁၇၆]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခိုင်မျိုးထွန်း [၁၁/ကဖန(နိုင်)၁၄၇၉၇၅]မှ အပြီးပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသောအထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိ ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးခိုင်မျိုးထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းထိုက် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်– ၅၄၈၅၈)**
**၃(အေ)၊ (၃)လွှာ၊ အမှတ်(၃၂၅)၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၆၈၄၈၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း၊ တိုက်အမှတ် (၃၄)၊ အကျယ်အဝန်း (၁၄'×၆၀') ခန့်ရှိ ၅ လွှာတိုက်ခန်း (တိုက်၏မျက်နှာချင်းဆိုင်မှကြည့်လျှင် ဝဲဘက်ခန်း) ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်စိုး (၁၂/ဗဟန(နိုင်) ၀၀၉၅၅၁)နှင့် ဒေါ်သန်းသန်းဝင်း (၁၂/ဗဟန(နိုင်)၀၀၉၇၃၆) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်ခင်အေးမြင့် (စဉ်–၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၇၈)၊ မြေညီ၊ ၃၄ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း–၀၉၅၁၈၆၀၄၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ မြို့မ (၂)ရပ်ကွက်၊ လမ်းသစ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်– ၆၊ မြေကွက်အမှတ်– ၁၄၈၈၊အိမ်အမှတ်(၅၁၀)ဟုခေါ်တွင်သော အကျယ် (၂၅ပေx ၅၀ပေ)ရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှမောင် [၁၂/ဒလန(နိုင်)၀၀၉၀၈၂]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်မြသန္တာ [၁၂/စခန(နိုင်) ၀၀၀၈၀၉]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အားပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ထက်ထက်ကျော် (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၂၁၈)**
**အမှတ်– ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၉၈၄၇၁၈၂၂၊ ၀၉–၄၂၅၀၁၃၃၇၅**

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထိန်လင်းအောင် [၁၂/မဂတ(နိုင်) ၀၈၉၂၉၆] သည် ဦးဟန်ဝင်းအောင် [၁၂/မဂတ(နိုင်) ၀၂၀၄၂၂]နှင့် ဒေါ်ယဉ်ယဉ်ချော[၁၀/မလမ(နိုင်)၁၄၅၆၄၉]တို့ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ ကူးတို့ဆိပ်လမ်း၊ အိမ်အမှတ်(၃၇၁)၊ အလျားxအနံ (၂၀x၈၀) ပေအကျယ်ရှိမြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထိန်လင်းအောင်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချယ်ရီအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၂၉၂)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၆၅၁၆၅၉၉၆၂**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်အမည်– ၁.N.1/အထက်ပိုင်းရပ်ကွက်၊ ဦးပိုင် (၁၆ᵘ)၊ ဧရိယာ (၀.၁၆၀)ဧကရှိ ဒေါ်မိုးအိအိဝင်း အမည်ပေါက် နှစ်(၃၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့တွင် အရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူ လက်ရောက်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုချိုမာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၅၁၂)**
**အမှတ် (၈၀)၊ ၂–လမ်းသွယ်(၂)၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၄၅၁၂၃၅၄၊ ၀၉–၉၅၅၆၀၀၁၀၆**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

EastChem Co.,Ltd မှ ထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများအား Lionchem(Myanmar)Pte Ltd မှ Agrisync Power Co.,Ltd သို့ လွှဲပြောင်းပေးခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါသည့်နေ့မှစပြီး (၁၄)ရက်အတွင်း ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Ramec 200 SC | Emamectin Benzoate 20g/l+ Methoxyfenozide 180g/l SC | Provisional Registration | P2023–5221 |

AgriSync Power Co.,Ltd
No. 31. Aung Zaya Street, Zone 7, Hlaing Thar Yar Township, Yangon, Myanmar.
Tel: 09–767717402

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

Zhejiang Wynca Import & Export Co.,Ltd မှ ထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများအား Friends Helper Co.,Ltd မှ Myanmar Golden Sun Crop Science Co.,Ltd သို့ လွှဲပြောင်းပေးခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါသည့်နေ့မှစပြီး (၁၄)ရက်အတွင်း ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Copper Expert 47 WP | Copper oxychloride 45%+ Kasugamycin 2% WP | Provisional Registration | P2024–6345 |
| 2 | Sparkly 17 OD | Cyhalofop–butyl 15% + Penoxsulam 2% OD | Provisional Registration | P2024–6319 |

Myanmar Golden Sun Crop Science Co.,Ltd
Tel: 09–784772103

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

Hefei Xingyu Chemical Co.,Ltd မှ ထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများအား Myanmar Golden Sun Crop Science Co.,Ltd မှ Agro Hero Crop Science Co.,Ltd သို့ လွှဲပြောင်းပေးခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါသည့်နေ့မှစပြီး (၁၄)ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Sun–Paung Shin | Bispyribac–sodium 40% SC | Provisional Registration | P2023–6213 |

Agro Hero Crop Science Co.,Ltd
Tel: 09–784772103

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

Zhejiang Xinan Chemical Industrial Group Co.,Ltd မှ ထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများအား Friends Helper Co.,Ltd မှ Agro Hero Crop Science Co.,Ltd သို့ လွှဲပြောင်းပေးခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါသည့်နေ့မှစပြီး (၁၄)ရက်အတွင်း ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Rice Care 30 OD | Cyhalofop–butyl 30% OD | Provisional Registration | P2022–5640 |
| 2 | Wynca–Guard Plus | Bensulfuron–methyl 4% + Qinclorac 32% WP | Provisional Registration | P2021–5404 |
| 3 | Weeder Max 10 EC | Quizalofop–P–ethyl 10% EC | Provisional Registration | P2022–5641 |

Agro Hero Crop Science Co., Ltd
Tel: 09–784772103

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

Zhejiang Wynca Import & Export Co.,Ltd မှ ထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများအား Friends Helper Co.,Ltd မှ Agro Hero Crop Science Co.,Ltd သို့ လွှဲပြောင်းပေးခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါသည့် နေ့မှစပြီး (၁၄)ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Emma 5.7 ME | Emamectin Benzoate 5.7% ME | Provisional Registration | P2024–6367 |
| 2 | KaungFu 25 EC | Lambda–cyhalothrin 25g/l EC | Provisional Registration | P2024–6287 |
| 3 | Master–X 325 SC | Azoxystrobin 200g/l + Difenoconazole 125g/l SC | Provisional Registration | P2024–6345 |

Agro Hero Crop Science Co.,Ltd
Tel: 09–784772103

❖ ပို့ကုန်များ တိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရန်လို...
❖ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Asia World Port Terminal – AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ယနေ့ ဖတ်စရာ


တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ
စာမျက်နှာ » ၁၄

သန်လျင်မြို့နယ်၌ တက္ကစီယာဉ်မောင်းအား သတ်ဖြတ်၍ မော်တော်ယာဉ်ကို လုယက်ယူဆောင်ခဲ့သူနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ
စာမျက်နှာ » ၁၅

စိတ်ကျန်းမာရေးမြှင့်တင်ဖို့ အားလုံးစုပေါင်းဆောင်ရွက်စို့
ဆောင်းပါး စာမျက်နှာ » ၁၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) လူမှုအကျိုးပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား ရွေးချယ်ခန့်အပ်
စာမျက်နှာ » ၁၉


# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးများ အထူးကုန်ရထားဖြင့် မန္တလေးမြို့သို့ ဒုတိယအကြိမ် ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၈

ငလျင်ဘေးဒဏ်ခံခဲ့ရသောဒေသများရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် သံချောင်းလုံးများအား မြန်မာမီးရထား အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် HRB 500 အမျိုးအစား သံချောင်းလုံး ၄၉၀ ဒသမ ၅၃ တန် မန္တလေးမြို့သို့ ဒုတိယအကြိမ် ပို့ဆောင်ရောက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၁၉ ကော်လံ ၅ သို့ ❄



# 43rd Junior Golf Myanmar Championship (JGM) ဂေါက်သီးရိုက်ပြိုင်ပွဲ စတင်ကျင်းပ



ရန်ကုန် အောက်တိုဘာ ၈

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM) ၏ (၄၃) ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်၌ ကျင်းပသည်။

ဖွင့်ပွဲတွင်မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည်၊ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❄

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး ဂေါက်သီးရိုက်၍ ပြိုင်ပွဲ ဖွင့်လှစ်ပေးစဉ်။

# စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်

နေပြည်တော် အောက်တိုဘာ ၈

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ